تيسير أصول الحديث

ပြုစုသူ

မုဟမ္မဒ်ဖိုင်ဆွဲလ် ﴿အလ်ကောင်ဆရီ﴾

ကြီးကြပ်သူ

အလ်ဟာဂ်ျ ဟဇရသ်မော်လာနာ မုဖ်သီ အာစွင်းမ်

﴿နဒ်ဝီ၊ မဇ္ဇာဟေ့ရီ﴾

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁	အမှာစာ	၇
၂	အလ်ဟာဂ်ျဟဇရသ်မော်လာနာမုဖ်သီ အာစွင်းမ်၏ ရင်တွင်းစကား	၁၀
၃	အခန်း (၁) ပညာရပ်ဆိုင်ရာ အခြေခံနိဒါန်း	
၄	أُصُوْلُ الْحَدِيْثِ (ခ) مُصْطَلَحُ الْحَدِيْثِ ဖြစ်ပေါ်လာပုံ သမိုင်း။	၁၉
၅	حَدِيْثٌ ပညာရပ် ဖြစ်ပေါ်လာပုံသမိုင်း။	၂၁
၆	أُصُوْلُ الْحَدِيْثِ ဆိုင်ရာ နာမည်ကျော် ကျမ်းဂန်ကြီး များ။	၂၃
၇	ပညာရပ်ဆိုင်ရာ ဖွင့်ဆိုချက်များ။	၂၉
၈	အခြေခံသုတများ။	၃၃
၉	رِوَايَةُ الْحَدِيْثِ နှင့် دِرَايَةُ الْحَدِيْثِ တို့ကြားကွာခြား ချက်။	၃၅
၁၀	အခန်း(၂) စနဒ် (ကွင်းဆက်)၌ ဆင့်ပြန်သူပြုတ် ကျခြင်း မပြုတ်ကျခြင်းရှုထောင့်အရ ဟဒီးစ် တော်၏ အမျိုးအစားများ။	၃၇

မာတိကာ		
စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၁	اَلْمُتَّصِلُ	၃၈
၁၂	اَلْمُعَلَّقُ	၃၈
၁၃	اَلْمُرْسَلُ	၃၉
၁၄	اَلْمُعْضَلُ	၄၀
၁၅	اَلْمُنْقَطِعُ	၄၁
၁၆	اَلْمُدَلَّسُ فِيْ الْإِسْنَادِ	၄၁
၁၇	اَلْمُرْسَلُ الْخَفِيُّ	၄၄
၁၈	اَلْمُعَنْعَنُ	၄၆
၁၉	အခန်း (၃) စနဒ် ﴾ကွင်းဆက်﴿ ဆိုးသည့် နေရာကို အခြေခံ၍ ဟဒီးစ်တော်များ၏ အမျိုးအစားများ။	၄၇
၂၀	اَلْحَدِيْثُ الْقُدْسِيُّ	၄၈
၂၁	اَلْمَرْفُوْعُ	၄၉
၂၂	اَلْمَوْقُوْفُ	၅၀
၂၃	اَلْمَقْطُوْعُ	၅၁
၂၄	အခန်း (၄) ခိုင်မာတိကျခြင်း မတိကျခြင်းကို အခြေခံ၍ ဟဒီးစ်တော်၏ အမျိုးအစားများ။	၅၃
၂၅	اَلصَّحِيْحُ لِذَاتِهِ	၅၄

မာတိကာ		
စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၆	اَلْحَسَنُ لِذَاتِهِ	၁၇
၂၇	اَلصَّحِيْحُ لِغَيْرِهِ	၁၈
၂၈	اَلْحَسَنُ لِغَيْرِهِ	၁၉
၂၉	اَلضَّعِيْفُ	၆၁
၃၀	اَلْمَوْضُوْعُ	၆၁
၃၁	အခန်း(၅) ဆင့်ပြန်သည့် လမ်းကြောင်းများကို အခြေခံ၍ ဟဒီးစ်တော်၏ အမျိုးအစားများ။	၆၆
၃၂	اَلْمُتَوَاتِرُ	၆၇
၃၃	اَلْمَشْهُوْرُ	၆၈
၃၄	اَلْعَزِيْزُ	၆၉
၃၅	اَلْغَرِيْبُ	၇၁
၃၆	အခန်း (၆) သိမှတ်ဖွယ်ရာ ကဏ္ဍ	၇၅
၃၇	ဆွဟာဗဟ်(ﷺ) များအား သိရှိနားလည်ခြင်း။	၇၆
၃၈	မဇ်ဟဗ်ရှင်များအား သိရှိနားလည်ခြင်း။	၇၇
၃၉	ဟဒီးစ်ကျမ်းကြီး (၆) ကျမ်းနှင့် ကျမ်းရှင်များ မိတ်ဆက်။	၇၉
၄၀	ဟဒီးစ်ကျမ်းဂန်ကြီးများ၏ အမျိုးအစားများ။	၈၂

မာတိကာ		
စဉ်	**အကြောင်းအရာ**	**စာမျက်နှာ**
၄၁	အခန်း(၇) ဆင့်ပြန်ခြင်းဆိုင်ရာ ကျင့်ဝတ်များနှင့် မြန်မာ့မြေမှ ဟဒီးစ်ပညာရှင်ကြီးများ။	၈၆
၄၂	မုဟဒ္ဒစ်တစ်ဦးအတွက် အရေးကြီးသော ကျင့်ဝတ်များ။	၈၇
၄၃	ဟဒီးစ်လေ့လာသောသူအတွက် အရေးကြီးသော ကျင့်ဝတ်များ။	၈၈
၄၄	မြန်မာ့မြေမှ ဟဒီးဆ်ပညာရှင်များ	၉၁
၄၅	ကျမ်းကိုးစာရင်း	၁၁၃

အမှာစာ

စကြာဝဠာအပေါင်းနှင့် ခပ်သိမ်းကုန်သောအရာ အားလုံးကိုမွေးမြူဖန်ဆင်း စိုးပိုင်နိုင်နင်း ကျွေးမွေးစောင့်ရှောက်တော်မူသော တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြီးပြည့်စုံတော်မူ၍ တစ်ပါးတည်း တည်ရှိတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

"مُصْطَلَحُ الْحَدِيْثِ" ဟူသည် အလွန်ကျယ်ပြန့်သော ပညာရပ်တစ်ခု ဖြစ်သည်။ ဤပညာရပ်နှင့် စပ်လျဉ်း၍ အရဗီစာပေတွင် ခိုင်မာသော ကျမ်းကြီးများ ရှိထားပြီးဖြစ်ပါသည်။ ထို့ပြင် အူရ်ဒူစာပေတွင်လည်း ဤပညာရပ်နှင့်ပတ်သက်၍ ကျမ်းကြီးများရှိပါသည်။ ထို့အတူ ဤပညာရပ်သည် ကိုယ်တော်မြတ်(ﷺ)၏ မိန့်ခွေချက်များ၊ လုပ်ဆောင်ချက်များနှင့် အတည်ပြုချက်များမှ အကျိုးရယူရန် ပေါင်းကူးပေးသည့် တံတားတစ်ခုပင် ဖြစ်သည်။ သို့ပါ၍ ယင်းပညာရပ်ကို မသိရှိခြင်းသည် ဟဒီးစ်တော်များကို သိနားလည်သဘောပေါက်မှုတွင် များစွာလျော့နည်းမှု ဖြစ်စေသည်။

အလ္လာဟ်အရှင်မြတ်၏ အလိုတော်ဖြင့် ကျွန်ုပ်သည် **ဒေါက်တာမဟ်မူးဒ်သွဟားန်**ရေးသားပြုစုသော "تَيْسِيْرُ مُصْطَلَحِ الْحَدِيْثِ" အမည်ရှိ အူစူလွလ်ဟဒီးစ်ဆိုင်ရာ ကျမ်းတစ်စောင်ကို **မဒ်ရစဟ်အဗူဗက်ရ်ကျောင်းတော်**တွင် သင်ကြားခွင့်ရရှိခဲ့သည်။ ထိုကျမ်း၏ ကြီးမြတ်မှုနှင့် သင်ရိုးဆိုင်ရာရှုထောင့်မှ ကြည့်လျှင် အလွန်ပင်အကျိုးရှိမှုများကို တွေ့

ရှိခဲ့ရသော်လည်း ကျောင်းသားများကို သင်ကြားပို့ချရာ၌ အချို့သော အခက်အခဲများကို တွေ့ရှိခဲ့ရပေသည်။ ယင်းအခက်အခဲမှာ အူစူလွလ် ဟဒီးစ် ပညာရပ်ကို စတင်သင်ယူသောကျောင်းသားများသည် ကြားခံ ဘာသာစကားပါနေသည့်အတွက်ကြောင့် နားလည်သဘောပေါက်ရာ တွင် မိခင်ဘာသာစကားဖြင့် တိုက်ရိုက်သင်ယူခြင်းလောက် အကျိုးမ ဖြစ်ထွန်းခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အခြေခံကျောင်းသားများအ တွက် အူစူလွလ်ဟဒီးစ်ကို နားလည်သဘောပေါက်ရာတွင် လွယ်ကူစေ ရန်နှင့် ယင်းဘာသာရပ်နှင့်သက်ဆိုင်သည့် အရဗီကျမ်းဂန်ကြီးများကို လွယ်ကူစွာလေ့လာနိုင်ရန် ဤ"تَيْسِيْرُ أُصُوْلِ الْحَدِيْثِ"အမည်ရှိ စာအုပ် ငယ်ကို ပေါင်းကူးတံတားအနေဖြင့် ရေးသားခဲ့ပါသည်။ ထိုစာအုပ်ငယ် သည် အူစူလွလ်ဟဒီးစ်ဘာသာရပ်၏မူရင်း ကျမ်းဂန်ကြီးများကိုပင် လေ့ လာ ရန်မလိုအပ်သည့် အကျယ်တဝင့်ရေးသားထားသော စာအုပ်မျိုး မဟုတ်ပေ။ သို့သာမက ဤစာအုပ်ငယ်သည် ၎င်းမူရင်းကျမ်းဂန်ကြီး များကို လေ့လာနိုင်ရန် ပို့ဆောင်ပေးမည့် သော့တစ်ချောင်းပမာပင်ဖြစ် သည်။

ကျွန်ုပ်သည် ဤစာအုပ်ငယ်ကို အခန်း ﴿၇﴾ ခန်းခွဲ၍ ရေးသားခဲ့ ပါသည်။ ထို့နောက် အခန်းတိုင်း၏အစတွင် ထိုအခန်းတွင်ပါဝင်မည့် အ ကြောင်းအရာပုံကြမ်းများကို ဖော်ပြထားပါသည်။ ထို့ပြင် အရေအသား ကို အရှင်းလင်းဆုံးပုံစံမျိုးဖြင့် ရေးသားသကဲ့သို့ အချို့သော ကဏ္ဍများ တွင် ကျောင်းသားများ လွယ်ကူစွာမှတ်သားနိုင်ရန် ဇယားများဆွဲ၍ ဖော်ပြထားပါသည်။ ထို့နောက် အခြေခံသင်ရိုး စာအုပ်ဖြစ်သည့်အတွက်

အကွဲအလွဲများ၊ များစွာသောပညာရှင်တို့၏ အဆိုအမိန့်များ၊ ကဏ္ဍာတိုင်း၏ အကျယ်တဝင့် ရှင်းလင်းချက်များကို ဖော်ပြခြင်းမရှိဘဲ အရေးကြီးသည့် အချက်အလက်များကိုသာ အတိုချုံး၍ ဖော်ပြပေးထားပါသည်။

ကျောင်းသားညီနောင်များအတွက် ကျွန်ုပ်၏မပြောပလောက်သော ဤကြိုးပမ်းမှုကိုတင်ဆက်ရင်း ပညာရပ်၏ဝတ္တရားကို အပြည့်အဝမကျေပွန်နိုင်ခြင်းအပေါ် ကျွန်ုပ်၏လျော့နည်းမှုအား ဝန်ခံပါ၏။ ထို့နောက် ကျွန်ုပ်သည် လူသားဖြစ်သည့်အလျောက် မှားယွင်းချွတ် ချော်မှုများမှ ကင်းစင်ကြောင်းကိုလည်း မမြွက်ဟနိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်၏မှားယွင်းချွတ်ချော်မှုကိုတွေ့ရှိပါက ကျေးဇူးပြု၍ အပြုသဘောဆောင်သည့်ပုံစံမျိုးဖြင့် အသိပေးအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ထို့နောက် အလ္လာဟ်အရှင်သည် ဤအစာအုပ်ဖြင့် မွတ်စ်လင်မ်ထုတစ်ရပ်လုံးကို အကျိုးဖြစ်ထွန်းစေတော်မူ၍ ဖတ်ရှုသူ၊ ရေးသားသူနှင့် စာအုပ်ဖြစ်မြောက်ရေးတွင် ဝိုင်းဝန်းကူညီသူများအားလုံးကို မြင့်မြတ်တော်မူသောအရှင်မြတ်က နှစ်ဋ္ဌာနလုံးတွင် ကောင်းသော အစားများ ချီးမြှင့်ပေးသနားတော်မူပါစေ။

ဆန္ဒမွန်ဖြင့်.....မုဟမ္မဒ်ဖိုင်ဆွလ်
(အလ်ကောင်စရီ)

အလ်ဟားဂျ်ဟဇရသ်မော်လာနာမုဖ်သီ

အာစွင်းမ်၏ ရင်တွင်းစကား

الحمد لله العلي الأكرم ، والصلاة والسلام على سيدنا محمد ماجرى المداد بالقلم

စာပေနယ်ပယ်တွင် သင်ပေးသင်ယူပြုရင်းဖြင့် ကျော်ဖြတ်လာခဲ့သည်မှာ အရှင်မြတ်အလိုတော်ဖြင့် နှစ်ပေါင်း(၂၀)ကျော်ခဲ့ပါပြီ။ ဤကာလတစ်လျှောက် အဖြစ်ချင်ဆုံး ဆန္ဒတစ်ခုမှာ အာလင်မ်သင်ရိုးရှိ ဘာသာရပ်ကို သင်ကြားပေးသည့် အခြေခံစာအုပ်များကို ခေတ်စနစ်နှင့်အညီ၊ မြန်မာဘာသာဖြင့် ရေးသားပြုစုခြင်းဖြစ် သည်။

النحو العربي (အရဗီသဒ္ဒါ)ဖြစ်စေ၊ **الصرف** (စကားလုပ်ရုပ်သွင်ဗေဒ)ဖြစ်စေ၊ **المنطق , أصول الحديث , أصول الفقه , أصول التفسير** စသည့် ဘာသာရပ်များဖြစ်စေ.... ကျောင်းသားများသည် ဤဘာသာရပ်များနှင့် စတင်ထိတွေ့ရချိန် မိမိတို့မိခင်ဘာသာစကားဖြင့်သင်ယူလိုက်ရပါက တိုက်ရိုက်သဘောက်ပေါက်ကြမည် ဖြစ်

ပြီး အကျိုးထူးများ ဆွတ်ခူးနိုင်ပါမည်။ ဝေါဟာရ အသုံးအနှုံးများကိုပါ မြန်မာဆန်ဆန်ဖလှယ်ထားမည်ဆိုပါက ရွေပေါ်မြတင် ဖြစ်သွားပါမည်။

الحمد لله၊ အရှင်မြတ်အလိုတော်၊ လက်တွဲကြိုးပမ်းနေသော ဆရာသခင်များ၊ ချစ်မိတ်ဆွေများ၏ကြိုးပမ်းမှုများကြောင့် ဤအိပ်မက်တစ်ခု အကောင်အထည် ပေါ်လာခဲ့ပါသည်။

မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ သော်ဝ်ဖီးက်စွမ်းအားပေးမှုကြောင့် ကျွန်ုပ်၏ ဆရာသခင် ဟဇရသ်မော်လာနာဟ့ရွားမ်(နဒ်ဝီ)၊ ချစ်မိတ်ဆွေ မော်လာနာမုဖ်သီအရှ်ရဖ်ဟိုစိုင်းန်(နဒ်ဝီ)၊ ကျွန်ုပ်စာရေးသူတို့သည် မျိုးဆက်သစ်တို့ကို အရဗီ သဒ္ဒါအခြေခံသင်ပေးမည့် النحو الميسر အမည်ရှိ (မြန်မာစာပေဖြင့် အရဗီသဒ္ဒါ)သင်ကြားပေးသော စာအုပ်ကို ပြုစုခဲ့ပါသည်။ ထို့နောက် ချစ်မိတ်ဆွေမုဖ်သီအရှ်ရဖ်ဟိုစိုင်းန်(နဒ်ဝီ)နှင့် ကျွန်ုပ်တို့နှစ်ဦးသည် الصرف الميسر အမည်ရှိ (မြန်မာစာပေဖြင့် အရဗီစကားလုပ်ရုပ်သွင်ပညာရပ်)ကို အတွဲ(၂)တွဲ ခွဲပြီး ပြုစုခဲ့ပါသည်။ အခြေခံနှစ်တန်းအတွက် ဟဒီးဆ်တော်ကျက်မှတ်နိုင်ရန် مائة حديث (ဟဒီးဆ်တော်(၁၀၀)အမည်ဖြင့်) ကျမ်းနှစ်ကျမ်းပြုစုခဲ့ပါသည်။ ကျွန်ုပ်၏ ချစ်မိတ်ဆွေ မော်လဝီမုဟမ္မဒ်အလ်ကောင်ဆရီမှ شرح مائة عامل ကျမ်းရှိ عامل များကို မြန်မာဆန်ဆန်ပြန်ဆိုခြင်း အနုပညာတို့ကို သင်ကြားပေးသည့် ကျမ်းတစ်ကျမ်းကိုလည်း စီမံခဲ့ပါသည်။

إيضاح علم المنطق (ယုတ္တိဗေဒ)ကိုမူ ချစ်မိတ်ဆွေ မုဖ်သီအဖ်ဇလ်ဆပ်မှ المنطق အမည်ဖြင့် စီစဉ်ရေးသားပေးခဲ့ပါသည်။

ယခု أصول التفسير , أصول الفقه , أصول الحديث , المنطق , التاريخ الإسلامي တို့နှင့်ပတ်သက်ပြီး ကျွန်ုပ်ချစ်ခင်မြတ်နိုးတန်ဖိုးထားရသည့် မိတ်ဆွေများရေးသားပြုစုထားသည်ကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုလိုပါသည်။

မော်လာနာ အင်မ်ရားန်(အလ်ကောင်ဆရီ)က تيسير أصول الفقه အမည်ဖြင့် أصول الفقه ကျမ်း၊ التاريخ الإسلامي အမည်ရှိမြန်မာဘာသာဖြင့်ခေတ်အဆက် အစွလာမ့်သမိုင်းအလင်းပြကျမ်း၊ الغزو الفكري (အတွေးအခေါ်စစ်ထိုးခြင်း)အကြောင်း၊ မော်လာနာအိမာမုဒ္ဒီးန်(အလ်ကောင်ဆရီ)က ဖေကဟ်ကျမ်းများတွင် တွေ့ရှိရသော ဝေါဟာရများကို မြန်မာဘာသာဖြင့် ဖလှယ်ထားသည့် المصطلحات الفقهية بالبورمية ကျမ်းကိုရေးသားပြုစုပြီးဖြစ်ပါသည်။

ချစ်မိတ်ဆွေ မော်လာနာ ဖိုင်ဆလ်(အလ်ကောင်ဆရီ)က أصول التفسير နှင့်ပတ်သက်ပြီး تيسير أصول التفسير ၊ الأديان والفرق နှင့် ပတ်သက်ပြီး မြန်မာဘာသာဖြင့် ကျမ်းတစ်စောင်၊ مقاصد الشريعة الإسلامية နှင့်ပတ်သက်ပြီး မြန်မာဘာသာဖြင့် ကျမ်းတစ်စောင် ပြုစုခဲ့ပါသည်။

ဤကြိုးပမ်းမှုတွင် အုပ်တစ်ချပ်၊ သဲတစ်ပွင့် ပါဝင်ခွင့်ရရှိခဲ့သည့် ပညာရှင်အပေါင်းကို အရှင်မြတ် ကောင်းသောအစားများ ချီးမြှင့်ပေးသနားတော်မူပါစေ။ **အာမီးန်**

ဤစာအုပ်ငယ်တို့သည် ဤနယ်ပယ်အတွက် လေ့နံ့ခါးထစ် ထာဝရသတ်မှတ်ခံရမည်မဟုတ်ပါ။ သို့သာမက မျိုးဆက်သစ်များအနေဖြင့် မိမိတို့ခေတ်တွင် လိုအပ်သည်များကို ဖြည့်စွက်ပြင်ဆင်ကာ အသစ်သစ်သော ကျမ်းငယ်များကို ပြုစုရပါလိမ့်ဦးမည်။

ယခုစာရှူသူလက်ဝယ်ရှိ ဤကျမ်းငယ်သည်လည်း မော်လာနာဖိုင်ဆလ် (အလ်ကောင်ဆရီ) ရေးသားပြုစုထားသည့် (ဟဒီးဆ်သိပ္ပံပညာရပ်)ဆိုင်ရာ အခြေခံကျမ်းငယ်ဖြစ်ပါသည်။

မြန်မာဘာသာဖြင့် علم أصول التفسير (သိဖ်စီးရ်သိပ္ပံပညာရပ်) ပြုစုခြင်း။

မော်လာနာဆပ် မပြုစုမီ မြန်မာ့မြေမှ ပညာရှင်များကလည်း မိမိတို့ပတ်ဝန်းကျင်၏ တောင်းဆိုချက်များ၊ လိုအပ်ချက်များနှင့်အညီ ဤဘာသာရပ်ဆိုင်ရာ အခန်းကဏ္ဍအချို့ကို ပြုစုပေးခဲ့ကြသည်။ ကျွန်ုပ်၏မပြည့်စုံသော လေ့လာချက်၊ မြန်မာ၊ အစ္စလာမ်စပေသမိုင်းပညာရှင်အချို့အား မေးမြန်းချက်များအရ ယခုကျွန်ုပ်တို့တင်ပြမည့် علم أصول الحديث (ဟဒီးဆ်သိပ္ပံပညာရပ်)ဆိုင်ရာ ကျမ်းငယ်ကဲ့သို့ စနစ်တကျလွယ်ကူရိုးရှင်းစွာ ပြုစုထားသော ကျမ်းငယ်မှာ မရှိသေးပါ။ **والله أعلم بالصواب**

ဆရာသည် ဤကျမ်းငယ်ကို မန္တလေးမြို့ တောင်ဆင်ကျုံးဗလီဝင်းအတွင်း ဖွင့်လှစ်ထားသည့် **ABUBAKR EDUCATION CENTER** တွင် (ခေတ်ပညာတတ်များအတွက် ﴿၅﴾နှစ်တာ အာလင်မ်သင်ရိုးတွင် ပြဋ္ဌာန်းအဖြစ် စတင်ရေးသားခဲ့သည်။ ဤမှတဆင့် အခြားသောကျောင်းများတွင်လည်း သင်ကြားရာ အကျိုးဖြစ်ထွန်းကြောင်း တွေ့ရှိရသည်။

ဤကျမ်းငယ်၏ ထူးခြားချက်များမှာ ....

❖ ရိုးရှင်းလွယ်ကူလှသော ရေးနည်းရေးဟန်ကို အသုံးပြုထားခြင်း။

❖ أصول الحديث ပညာရပ်ဆိုင်ရာ ကဏ္ဍများအား စုံလင်စွာတင်ပြထားခြင်း။

❖ ခိုင်လုံတိကျသော ကျမ်းများကိုသာ ကိုးကားတင်ပြခြင်း။

❖ လက်တွေ့ကျလှသော နည်းစနစ်ကိုအသုံးပြုထားခြင်း။

❖ အရဗီဝေါဟာရများကို မြန်မြန်မာဆန်ဆန် တင်ပြထားခြင်း။

❖ စာအုပ်ပါ သင်ခန်းစာ တစ်ခုတိုင်းအတွက် သင်ကြားနည်းလမ်းညွှန်ကိုပါ ဖော်ပြ ထားခြင်း။ စသည်ဖြင့်.....

ကျန်ရှိနေသော အလှတရားများကို စာဖတ်ပရိသတ်အနေဖြင့် ကိုယ်တိုင်ကိုယ်ကျ ခံစားသိမြင်နိုင်ပါသည်။

ဤပညာရှင်သည် ကျွန်ုပ်တို့မြန်မာနိုင်ငံရှိ أصول الحديث ဆိုင်ရာ နယ်ပယ်၏ တောင်းဆိုချက်တစ်ရပ်ကို ဖြည့်ဆည်းလိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်၏ မပြည့်စုံသော လေ့လာချက်အရ ဤကျမ်းသည် ဤ

နယ်ပယ်အတွက် အကောင်းဆုံးကျမ်းတစ်ကျမ်း ဖြစ်လိမ့်မည်ဟု မှတ်ချက်ပြုလိုပါသည်။

ကျွန်ုပ်သည် ဤကျမ်းကို **စ၊လယ်၊ဆုံး** တစ်ကြိမ်ထက်မနည်း ကြည့်ရှုခဲ့ပါသည်။ လိုအပ်သည်များကိုလည်း အကြိမ်ကြိမ် ဝိုင်းဝန်းပြင်ဆင်ခဲ့ပါသည်။ ဆရာကြီး ဦးအေးမူ၊ ဆရာ ကိုမင်း (B.A(his)တို့သည် မြန်မာစာပိုင်းကို တာဝန်ယူစစ်ဆေးပေးနေပြီး ဘာသာရပ်ပိုင်းဆိုင်ရာကိုမူ ကျွမ်းကျင်အဆင့်ရှိ ပညာရှင်များက တာဝန်ယူစစ်ဆေးပေးခဲ့ ပါသည်။

အကြံပြုချက်

ဤကဲ့သို့ အဖက်ဖက်မှ ဝိုင်းဝန်းကြိုးပမ်းထားသော်လည်း လိုအပ်ချက်များ၊ အမှားများမှာလည်း ဆက်လက်ရှိနေဦးမည်ဖြစ်ပါသည်။ စာရှုသူများဘက်မှ တစ်စုံတစ်ရာ အကြံပြုလိုလျှင်သော်လည်းကောင်း၊ အမှားပြင်ဆင်ချက် တစ်စုံတစ်ရာကိုသော်လည်းကောင်း ချီးမြှင့်လိုပါက ကျမ်းရှင်၏နံပါတ်(09-952452222)ကို တိုက်ရိုက် ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အာလင်မ်ကျောင်းတော်များ၏ ကျောင်းအုပ်ဆရာကြီးများ၊ ပညာရေးတာဝန်ခံများအနေဖြင့် ဤစာအုပ်ကို လေ့လာကြည့်ပြီး မိမိတို့သင်ရိုးတွင် ပြဋ္ဌာန်းစာအုပ်ဖြင့် ထည့်သွင်းမည်ဆိုလျှင် များစွာ အကျိုးရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။

နိဂုံးချုပ်ဒိုအာ

မြင့်မြတ်တော်မူသော အရှင်မြတ် ဤကျမ်းငယ်ကို အထူးလက်ခံသဘောတူ တော်မူပါစေ။ ဤကျမ်းပြုစုသူများ၊ ဤကျမ်းဖြစ်မြောက်ရေးတွင် အဖက်ဖက်မှ အုပ်တစ်ချပ်သဲတစ်ပွင့် ပါဝင်ခဲ့ကြသူများ၊ ဤကျမ်းကို သင်ပေးသင်ယူလုပ်သူများကိုလည်း နှစ်ဘဝနှစ်ဌာနတွင် လိုတရ အဆင့်ကို ပိုင်ဆိုင်ခွင့်ချီးမြှင့်ပေးသနားတော်မူပါစေ။

ဤကျမ်းငယ်ဖြင့် အွမ္မသ်ထုတစ်ရပ်လုံးကိုလည်း ကေယာမသ်တိုင် အကြိုးခံစားခွင့် များချီးမြှင့်ပေးသနားတော်မူပါစေဟု ဆုမွန်ကောင်းများ အရှင်မြတ်ထံ တောင်းဆုပန်ရင်း.....

✍မုဟမ္မဒ်အာစွင်းမ်
(နဒ်ဝီ၊အဗွလ်ဟာစနီ၊ မဇ္ဇာဟ့ရီ)
၁၆၊ ရဗီအွဆ္ဆာနီ၊ ဟစ်ဂျ်ရီ (၁၄၄၅)ခု
၁၊ ၁၁၊ ၂၀၂၃ခု (ဗုဒ္ဓဟူးနေ့)

အခန်း (၁) ပညာရပ်ဆိုင်ရာ အခြေခံနိဒါန်း

❑ أُصُوْلُ الْحَدِيْثِ (၁) مُصْطَلَحُ الْحَدِيْثِ ဖြစ်ပေါ်လာ ပုံသဏ္ဌာန်း

❑ حَدِيْثٌ ပညာရပ် ဖြစ်ပေါ်လာပုံသဏ္ဌာန်း

❑ أُصُوْلُ الْحَدِيْثِ ဆိုင်ရာ နာမည်ကျော် ကျမ်းဂန်ကြီးများ

❑ ပညာရပ်ဆိုင်ရာ ဖွင့်ဆိုချက်များ

❑ အခြေခံသုတများ

❑ رِوَايَةُ الْحَدِيْثِ နှင့် دِرَايَةُ الْحَدِيْثِ တို့ကြား ကွာခြားချက်

အခန်း (၁) ပညာရပ်ဆိုင်ရာ အခြေခံနိဒါန်း

❑ مُصْطَلَحُ الْحَدِيْثِ (၁) أُصُوْلُ الْحَدِيْثِ
ဖြစ်ပေါ်လာ ပုံသဏ္ဌာန်း

ဟဒီးစ်တော်များကို ဆင့်ပြန်ခြင်းဆိုင်ရာ အခြေခံနည်းဥပဒေများသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များတွင် ပါဝင်ပြီးဖြစ်သည်။ စူရဟ်ဟုဂျုရားသ်၊ အာယသ်နံပါတ် (၆) တွင်ဤသို့လာရှိသည်။ "အို- မုအ်မင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ စာရိတ္တဖောက်ပြန်သူ တစ်ဦးတစ်ယောက်သည် အသင်တို့ထံ တစ်စုံတစ်ရာ သတင်းကို ယူဆောင်လာခဲ့သည်ရှိသော် အသင်တို့သည် **(ယင်းသတင်း)** မှန်မမှန်ကို (စူးစမ်း) စစ်ဆေးကြလေကုန်။" ထို့နောက် ဟဒီးစ်တော်တွင်လည်း ဤသို့လာရှိသည်။ "ငါကိုယ်တော်ထံပါးမှ ကြားသိခဲ့သမျှကို မိမိကြားနာခဲ့သည့်အတိုင်း ပြန်လည်ပို့ချသူ၏ မျက်နှာတော်ကို အလွှာဟ်အရှင်မြတ်က ရွှင်လန်းစေတော်မူပါသည်။ သို့ဖြစ်ပေရာ အချို့သော ပို့ချခံပုဂ္ဂိုလ်များသည် ကြားနာသူတို့ထက် သာပို၍နားလည်ကျက်မှတ်နိုင်စွမ်းရှိကြသည်။"

(သိရ်မိဇီကျမ်း၊ ဟဒီးစ်နံပါတ်-၂၆၅၇)

ဖော်ပြပါ အာယသ်တော်နှင့် ဟဒီးစ်တော်တွင် ဆင့်ပြန်ခြင်းနှင့်ကျက် မှတ်ထိန်းသိမ်းခြင်းဆိုင်ရာ အခြေခံမူကို တင်ပြထားပါသည်။ ထို့

နောက် ဆွဟာဗဟ်သာဝကြီးများကလည်း အလ္လာဟ်နှင့် အလ္လာဟ်ရ စူလ်၏ အမိန့်တော်အတိုင်း ဟဒီးစ်တော်များကို ဆင့်ပြန်ကြားနာသည့် အခါ လေ့လာစမ်းစစ်ကြသည်။ ထို့ပြင် ဆင့်ပြန်သူ၏ မှန်ကန်မှု **ရှိမရှိ**ကို လည်း သေခြာလေ့လာကြလေသည်။

ဤသို့ဖြင့် ဟဒီးစ်တော်များကို ဆင့်ပြန်ကြားနာရာ၌ ဆင့်ပြန် သည့် ကွင်းဆက်**(စနဒ်)**များကို ဂရုစိုက်လေ့လာစမ်းစစ်မှုများ ပေါ် ထွန်းလာပေသည်။ မွတ်စ်လင်မ်ကျမ်း၏ နိဒါန်တွင် အိဗ္ဗနုစီရီးန်(ရဟိမဟုလ္လာ)၏ မိန့်ဆိုချက်ကို ဤသို့ ဖော်ပြထားသည်။ "အရင်က ဆင့်ပြန်ခြင်း ကွင်း ဆက်**(စနဒ်)**နှင့်ပတ်သက်၍ မေးမြန်းခြင်းမရှိကြပေ။ သို့သော် နောက် ပိုင်းတွင် ဖစ်သ်နာဟ်များ(ပြဿနာများ)ပေါများလာသောအခါ ဟဒီးစ် တော်များ၏ စနဒ်**(ကွင်း ဆက်)**များနှင့်ပတ်သက်၍ မေးမြန်းကြသည်။ သို့ရှိရာ အဟ်လေ့စွန္နသ် လမ်းစဉ်ပေါ်၌ ရှိသူ၏ ဆင့်ပြန်ချက်ကို လက်ခံ ပြီး ဗစ်ဒအသ်ပြုသူ၏ ဆင့်ပြန်ချက်ကို လက်ခံမှု မပြုကြတော့ပေ။"

ဤသို့ ဟဒီးစ်တော်များကို စနဒ်မသိပါက လက်ခံမှု မပြုခြင်းကို အခြေခံပြီး ဆင့်ပြန်သူများနှင့်ပတ်သက်၍ စူးစမ်းလေ့လာသည့် ပညာ ရပ်လည်းပေါ်ထွန်းလာပေသည်။ ထို့နောက် ၎င်းပညာရပ်သည် တစ် ဖြည်းဖြည်း ပိုမိုကျယ်ပြန့်လာခဲ့သည်။ ၎င်းနောက် ဤပညာရပ်ကို ကျမ်းဂန်များတွင်ပါ မှတ်တမ်းတင်မှုများ ပြုလုပ်လာကြပေသည်။ သို့ သော် ဘာသာရပ်တစ်ခုအနေဖြင့်မဟုတ်ဘဲ ဟဒီးစ်ပညာရပ်၊ ဖေကာဟ်

ပညာရပ်နှင့် အူစူလ်ပညာရပ်များဆိုင်ရာ ကျမ်းဂန်ကြီးများတွင် ကြို ကြားကြိုကြား ပုံစံဖြင့် မှတ်တမ်းတင်ကြသည်။

နောက်ဆုံး၌ ဤပညာရပ်သည် ခိုင်မာ၍ ၎င်းပညာရပ်၏ ဝေါ ဟာရများမှာလည်း တည်တံ့ခိုင်မြဲလာသောအခါ သီးခြားပညာရပ်တစ်ခု အဖြစ် **ဟစ်ဂျ်ရီလေးရာစုနှစ်တွင်** ပေါ်ထွန်းလာခဲ့သည်။ ထို့နောက် ပ ညာရှင် များကလည်း ဤပညာရပ်နှင့်ပတ်သက်၍ သီးသန့်ကျမ်းဂန် များကို ရေးသားပြုစုကြသည်။ ၎င်းနောက် ဤပညာရပ်တွင် သီးသန့် ကျမ်းဂန်အဖြစ် ပထမဦးဆုံးရေးသားပြုစုခဲ့သူမှာ **"القَاضِيْ أَبُوْ مُحَمَّدٍ الْحَسَنُ بْنُ عَبْدِ الرَّحْمنِ بْنِ خَلَّادٍ الرَّامْهُرْمُزِيُّ المتوفى ٣٦٠ هـ"** ဖြစ်သည်။ ၎င်း၏ ကျမ်းအမည်မှာ **"اَلْمُحَدِّثُ الْفَاصِلُ بَيْنَ الرَّاوِيْ وَالْوَاعِيْ"** ဖြစ်သည်။

❑ حَدِيْثٌ ပညာရပ် ဖြစ်ပေါ်လာပုံသမိုင်း

ကိုယ်တော်မြတ်(ﷺ)ခေတ်တွင် ဟဒီးဆ်တော်များကို တစ်စု တစ်စည်းတည်း စုစည်းခဲ့ခြင်းမရှိခဲ့ပေ။ ထို့နောက် ကိုယ်တော်မြတ် (ﷺ) ဝဖာသ် ဖြစ်ပြီးနောက်တွင် အဗူဒွလ္လာဟ်ဗင်နဲအဗ္ဗာစ်ကဲ့သို့သော ဆွဟာဗဟ်အချို့က အခြားသောဆွဟာဗဟ်ကြီးများထံတွင် ဟဒီးစ် တော်များကို ကြားနာသင်ယူ၍ မှတ်တမ်းတင်မှုများပြုခဲ့ကြသည်။ သို့

သာမက ဟဇရသ်အုမရ်(ﷺ)သခင်သည်လည်း ဟဒီးစ်တော်များကို စုစည်းရန်အတွက် ဆွဟာဗဟ်သာဝကကြီးများထံပါးမှ အကြံပြုချက်များ တောင်းခံခဲ့သည်။ သို့သော် လူတို့သည် ဟဒီးစ်တော်များစုစည်းရာ၌ပင် အာရုံပြုပြီး ကုရ်အာန်ကျမ်းတော်မြတ်နှင့်ပတ်သက်၍ မျက်ကွယ်ပြုမည်ကို စိုးရိမ်သဖြင့် ထို့သို့စုစည်းခြင်းကို စွန့်လွှတ်ခဲ့သည်။

ထို့နောက် အချိန်အနည်း ငယ်အတွင်းမှာပင် သာဗီအီးန်ကြီးများက ဟဒီးစ်တော်များကို စုစည်းရေးသားမှတ်တမ်းတင်မှုများ စတင်ပြုလုပ်လာကြပေတော့သည်။ ထိုအတိုင်းပင် အိုမာဝီယာဟ်မင်းဆက်ရှိ အချို့ခလီဖဟ်များနှင့် တာဝန်ခံများသည်လည်း အချို့သောပညာရှင်များကို ဟဒီးစ်တော်စုစည်းမှုနှင့် ပတ်သက်၍ တာဝန်ပေးကာစုစည်းစေခဲ့သည်။ တဆက်တည်းမှာပင် သာဗီအီးန်ကြီးများသည် ဟဒီးစ်တော်များကို ကျက်မှတ်ထိန်းသိမ်းခြင်းဆိုင်ရာ နည်းဥပဒေသများ၊ စနဒ်(ကွင်းဆက်)များနှင့် ဆင့်ပြန်သူတို့နှင့် သက်ဆိုင်သည့် အဓိန့်ပညတ်ချက်များ၊ သိမှတ်ဖွယ်ရာများကိုပါ ဆောင်ရွက်ခဲ့သည်။

ဟဇရသ်အိုမရ်ဗင်အဗ္ဒဒွလ်အဇီးဇ်၏ အဓိန့်တော်ဖြင့် **الإمام** **الإمام مُحَمَّدُ بْنُ شِهَابٍ اَلزُّهْرِيُّ** (ﷺ) နှင့် **أَبُوْبَكْرِ بْنُ مُحَمَّدِ بْنِ عَمْرِو بْنِ حَزْمٍ** တို့က စတင်စုစည်းခဲ့သည်။ ထို့နောက်တွင် ဟဒီးစ်တော်များကို စုစည်းခြင်း ဘာသာရပ်သည် ဟာရူးန်ရရှီးဒ်ဘုရင်လက်ထပ်တွင် အလွန်ပင် ကျယ်ပြန့်လာခဲ့သည်။ ထို့နောက် **اَلْمُوَطَّآتُ، اَلْمُصَنَّفَاتُ، اَلْمَسَانِيْدُ،**

اَلسُّنَنُ ،اَلْأَجْزَاءُ اَلْجَوَامِعُ، اَلْمُسْتَدْرَكَاتُ အစရှိသော ဟဒီးစ်ကျမ်းဂန်ကြီးများ ပေါ်ထွက်လာခဲ့သည်။ ပြီးနောက်တွင် **ဟစ်ဂျရီသုံးရာစုနှစ်** ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ဟဒီးစ်ကျမ်းဂန်များ၏ ရွေခေတ်လည်း ရောက်ရှိလာခဲ့ပေသည်။ ၎င်းခေတ်တွင်မူ မှန်ကန်တိကျပြီး စံချိန်မီသည့် **ဆွဟီးဟ်**ဟဒီးဆ်တော်များကိုသာ စုစည်းတင်ပြထားသည့် ကျမ်းကြီးခြောက်ကျမ်းလည်းပေါ်ထွန်းခဲ့သည်။

❑ أُصُوْلُ الْحَدِيْثِ ဆိုင်ရာ နာမည်ကျော် ကျမ်းဂန်ကြီးများ

❶ اَلْمُحَدِّثُ الْفَاصِلُ بَيْنَ الرَّاوِيْ وَالْوَاعِيْ

ဤကျမ်းကို ရေးသားပြု စုသူမှာ- اَلْقَاضِيْ أَبُوْ مُحَمَّدٍ اَلْحَسَنُ بْنُ عَبْدِ الرَّحْمٰنِ بْنِ خَلَّادٍ الرَّامْهُرْمُزِيُّ المتوفى سنة ٣٦٠ هـ ဖြစ်သည်။ သို့သော် ပညာရှင်ကြီးသည် أُصُوْلُ الْحَدِيْثِ ၏ ကဏ္ဍများကို စုံလင်စွာရေးသားခဲ့ခြင်းမရှိခဲ့ပေ။ ဤသည် ပညာရပ်တစ်ခုကို စတင်မှတ်တမ်းတင်ရာ၌ ဖြစ်လေ့ဖြစ်ထရှိသော ကိစ္စရပ်တစ်ခုပင်ဖြစ်သည်။

❷ ﴿مَعْرِفَةُ عُلُوْمِ الْحَدِيْثِ﴾

ဤကျမ်းကို ရေးသားပြုစုသူမှာ- ﴿أَبُوْ عَبْدِ اللهِ مُحَمَّدُ بْنُ عَبْدِ اللهِ الْحَاكِمُ النَّيْسَابُوْرِيُّ المتوفى سنة ٤٠٥ هـ﴾ ဖြစ်သည်။ သို့သော်ပညာရှင် ကြီးသည် မိမိကျမ်း၏ ကဏ္ဍာတိုင်းကို စိစစ်တည်းဖြတ်မှု မပြုခဲ့သလို ပညာရပ်ဆိုင်ရာ အစီအစဉ်အတိုင်းလည်း စနစ်တကျပြုစုခဲ့ခြင်းမရှိခဲ့ပေ။

❸ ﴿اَلْمُسْتَخْرَجُ عَلَى مَعْرِفَةِ عُلُوْمِ الْحَدِيْثِ﴾

ဤကျမ်းကို ရေးသားပြုစုသူမှာ- ﴿أَبُوْ نُعَيْمٍ أَحْمَدُ بْنُ عَبْدِ اللهِ الْأَصْبَهَانِيُّ المتوفى سنة ٤٣٠ هـ﴾ ဖြစ်သည်။ ပညာရှင်ကြီးသည် ဤကျမ်းကို အထက်ဖော်ပြပါ ﴿مَعْرِفَةُ عُلُوْمِ الْحَدِيْثِ﴾ ကျမ်း၌ အေမာမ် الحاكم လွတ်ခဲ့သော أُصُوْلُ الْحَدِيْثِ ပညာရပ်၏ အချို့ကဏ္ဍများကို ဖြည့်စွက်၍ ရေးသားခဲ့ ခြင်းဖြစ်သည်။ သို့သော် ပညာရှင်ကြီးများက ယင်းစာအုပ်ကိုပင် ထပ်မံ တည်းဖြတ်ရန် လိုအပ်နေသေးသည်ဟု ဆိုကြသည်။

❹ ﴿اَلْكِفَايَةُ فِيْ عِلْمِ الرِّوَايَةِ﴾

ဤကျမ်းကို ရေးသားပြုစုခဲ့သူမှာ- ﴿أَبُوْ بَكْرٍ أَحْمَدُ بْنُ عَلِيِّ بْنِ ثَابِتٍ الْخَطِيْبُ الْبَغْدَادِيُّ المتوفى سنة ٤٦٣ هـ﴾ ဖြစ် သည်။ ဤကျမ်းဂန်တွင် أُصُوْلُ الْحَدِيْثِ ၏ ကဏ္ဍများ စုံလင်စွာပါဝင်ပေသည်။ ထို့ပြင် ၎င်းကျမ်း

သည် ဤပညာရပ်နှင့်ပတ်သက်၍ မှီငြမ်းကိုးကားရာ ကျမ်းဂန်ကြီးများ အနက်မှ အကြီးမြတ်ဆုံးသော ကျမ်းဂန်ဖြစ်သည်။

❺ ﴿عُلُوْمُ الْحَدِيْثِ﴾

ဤကျမ်းကို ရေးသားပြုစုသူမှာ- ﴿أَبُوْ عَمْرٍو عُثْمَانُ بْنُ عَبْدِ الرَّحْمٰنِ الشَّهْرُزُوْرِيُّ الْمَشْهُوْرُ بِابْنِ الصَّلَاحِ المتوفى سنة ٦٤٣ هـ﴾ ဖြစ်သည်။ ပညာရှင်ကြီး၏ ဤကျမ်းသည် ﴿مُقَدَّمَةُ ابْنِ الصَّلَاحِ﴾ ဟူ၍ နာမည်ကျော်ကြားသည်။ أُصُوْلُ الْحَدِيْثِ ပညာရပ်နှင့်ပတ်သက်၍ အလွန်ကောင်းမွန်သော ကျမ်းဂန်တစ်ခုဖြစ်သည်။ ပညာရှင်ကြီးသည် မိမိကျမ်း၌ ရှေးယခင်ပညာရှင်ကြီးတို့၏ ကျမ်းဂန်များနှင့် အေမာမ်ခသွီးဗ်၏ ကျမ်းဂန်များ၌ ပြန့်ကျဲနေသော أُصُوْلُ الْحَدِيْثِ ဆိုင်ရာပုလဲလုံးလေးများကို စုစည်းတင်ပြထားပေသည်။ ထို့ကြောင့် ယင်းကျမ်းသည် ဤပညာရပ်နှင့်ပတ်သက်၍ အလွန်ပင်အကျိုးဖြစ်ထွန်းစေသော ကျမ်းဂန်တစ်စောင်ဖြစ်သည်။ သို့သော် ယင်းကျမ်းသည် ပညာရှင်ကြီး၏ နူတ်တိုက်ခေါ်ဆိုပေးမှုကို မှတ်တမ်းတင်ထားသည့်အပေါ် ပညာရပ်ဆိုင်ရာ အစီအစဉ်အတိုင်းစနစ်ကျမှု မရှိပေ။ သို့သော်လည်း ၎င်းကျမ်းဂန်သည် ပညာရှင်တိုင်းအတွက် မှီငြမ်းကိုးကားရာ ကျမ်းစာတစ်စောင် ပင်ဖြစ်သည်။ ယင်းကျမ်းနှင့်ပတ်သက်၍ အကျယ်ဖွင့်ရေးသားသူ၊ အတိုချုံးရေးသားသူ၊ ကဗျာအဖြစ်သီကုန်း ရေးသားသူ စသဖြင့် များစွာရှိပေသည်။

❻ ﴿اَلتَّقْرِيْبُ وَالتَّيْسِيْرُ لِمَعْرِفَةِ سُنَنِ الْبَشِيْرِ النَّذِيْرِ﴾

ဤကျမ်းကိုရေးသား ပြုစုသူမှာ- ﴿مُحْيِي الدِّيْنِ يَحْيَي بْنِ شَرَفٍ النَوَوِيُّ﴾ ﴿المتوفى سنة ٦٧٦ هـ﴾ ဖြစ်သည်။ ၎င်းကျမ်းသည် ဖော်ပြပါ ﴿عُلُوْمُ الْحَدِيْثِ﴾ ကျမ်းကို အကျဉ်းချုံး၍ ရေးသားပြုစုထားသော ကျမ်းဖြစ်သကဲ့သို့ အလွန်ပင်ကောင်းမွန်သော ကျမ်းဂန်တစ်ခုလည်း ဖြစ်သည်။ သို့သော် ယင်းကျမ်းဂန်၏ စာသာများတွင် အနည်းငယ်ရှုပ်ထွေးမှု ရှိပေသည်။

❼ ﴿تَدْرِيْبُ الرَّاوِيْ فِيْ شَرْحِ تَقْرِيْبِ النَّوَاوِيْ﴾

ဤကျမ်းကို ရေးသားပြုစုသူမှာ- ﴿جَلَالُ الدِّيْنِ عَبْدُ الرَّحْمٰنِ بْنُ أَبِيْ بَكْرٍ الْسُيُوْطِيُّ المتوفى سنة ٩١١ هـ﴾ ဖြစ်သည်။ ၎င်းကျမ်းသည် ဖော်ပြပါ ﴿تَقْرِيْبُ النَّوَاوِيْ﴾ ကျမ်းကို ပြန်လည်အကျယ်ဖွင့်ဆို ရေးသားထားသော ကျမ်းပင်ဖြစ်သည်။ ထိုကျမ်း၌ ပညာရှင်ကြီးသည် أُصُوْلُ الْحَدِيْثِ နှင့်ပတ်သက်သည့် မှတ်သားဖွယ်ရာများကို များစွာတင်ပြထားပေသည်။

❽ ﴿نَظْمُ الدُّرَرِ فِيْ عِلْمِ الْأَثَرِ﴾

ဤကျမ်းကို ရေးသားပြုစုမှာ- ﴿زَيْنُ الدِّيْنِ عَبْدُ الرَّحِيْمِ بْنُ الْحُسَيْنِ الْعِرَاقِيُّ﴾ المتوفى سنة ٨٠٦ هـ ဖြစ်သည်။ ယင်းကျမ်း သည် ﴿أَلْفِيَّةُ الْعِرَاقِيِّ﴾ ဟူ၍ ကျော်ကြားပေသည်။ ထို့နောက် ၎င်းကျမ်းမှာ ﴿عُلُوْمُ الْحَدِيْثِ لِابْنِ صَلَاحٍ﴾ ကို ကဗျာအဖြစ် သီကုန်းရေးသားထားသော ကျမ်းတစ်စောင် ဖြစ်သည်။ ထိုကျမ်းတွင် ပညာရှင်ကြီးသည် ထပ်တိုး၍ أُصُوْلُ الْحَدِيْثِ နှင့်ပတ်သက်သည့် မှတ်သားဖွယ်ရာကို များစွာဖော်ပြထားပေသည်။ ဤကျမ်းနှင့်ပတ်သက်၍ အကျယ်ဖွင့်ဆိုသောကျမ်းဂန်များစွာ ရှိပေသည်။ ယင်းကျမ်းဂန်များနှင့်ပတ်သက်၍ ပညာရှင်ကြီးကိုယ်တိုင် အကျယ်ဖွင့်ဆိုထားသော ကျမ်းဂန်နှစ်ကျမ်းရှိပေသည်။

❾ ﴿نُخْبَةُ الْفِكَرِ فِيْ مُصْطَلَحِ أَهْلِ الْأَثَرِ﴾

ဤကျမ်းကို ရေးသားပြုစုသူမှာ- ﴿اَلْحَافِظُ ابْنُ حَجَرٍ الْعَسْقَلَانِيُّ المتوفى سنة ٨٥٢ هـ﴾ ဖြစ်သည်။ ဤကျမ်းသည် အလွန်ပင်သေးငယ်၍ အတိုချုံးပြုစုထားသော ကျမ်းတစ်စောင် ဖြစ်သည်။ သို့သော် ယင်းကျမ်းသည် أُصُوْلُ الْحَدِيْثِ နှင့်ပတ်သက်၍ အကျိုးအရှိဆုံးသော ကျမ်းတစ်စောင်ဖြစ်သည်။ ပညာရှင်ကြီးသည် ထိုကျမ်း၏ အခန်းကဏ္ဍများနှင့် အစီအစဉ်များကို ရှေးယခင်ကျမ်းဂန်များ၌ မပါရှိသည့် ပုံစံမျိုးဖြင့် ဆန်းသစ်တီထွင်၍ ရေးသားပြုစုထားပေသည်။ ထို့နောက် ပညာရှင်ကြီး

သည် ၎င်းကျမ်းကို မိမိကိုယ်တိုင်ပင် အကျယ်ဖွင့် ဆိုရေးသား၍ ယင်းအကျယ်ဖွင့်ကျမ်းကို ﴿نُزْهَةُ النَّظَرِ﴾ ဟူ၍ အမည်ပေးခဲ့ သည်။

⑩ ﴿اَلْمَنْظُوْمَةُ الْبَيْقُوْنِيَّةُ﴾

ဤကျမ်းကို ရေးသာပြုစုသူမှာ- ﴿عُمَرُ بْنُ مُحَمَّدٍ الْبَيْقُوْنِيُّ المتوفى سنة ١٠٨٠ هـ﴾ ဖြစ်သည်။ ဤကျမ်းသည် أُصُوْلُ الْحَدِيْثِ နှင့်ပတ်သက်၍ ကဗျာအဖြစ် အတိုချုံး၍ သီကုန်းရေးသားထားသော ကျမ်းဂန်များအနက်မှ တစ်ခုပင်ဖြစ်သည်။ ယင်းကျမ်း၏ ကဗျာအပုဒ်များမှာ ﴿၃၄﴾ ပုဒ် နီးပါးသာ ရှိပေသည်။ ၎င်းကျမ်းသည် အတိုချုံးပြုစုထားသော ကျမ်းဂန်များအနက်မှ အလွန်ပင်အကျိုးရှိသည့် နာမည်ကျော်ကျမ်းဂန်တစ်ခု ဖြစ်သည်။ ထိုကျမ်းနှင့် ပတ်သက်၍ အကျယ်ဖွင့်ဆိုသော ကျမ်းဂန်များလည်း များစွာရှိပေသည်။

⑪ ﴿قَوَاعِدُ التَّحْدِيْثِ﴾

ဤကျမ်းကို ရေးသာပြုစုသူမှာ- ﴿مُحَمَّدٌ جَمَالُ الدِّيْنِ الْقَاسِمِيُّ المتوفى سنة ١٣٣٢ هـ﴾ ဖြစ်သည်။ ယင်းကျမ်းသည် أُصُوْلُ الْحَدِيْثِ နှင့်ပတ်သက်၍ အလွန်ပင် အကျိုးရှိသော ကျမ်းဂန်တစ်စောင်ဖြစ်သည်။

❑ ပညာရပ်ဆိုင်ရာ ဖွင့်ဆိုချက်များ

❶ الحَدِيْثُ

لُغَةً ➲ အရဗီစာပေ၌ الحَدِيْثُ ၏ အဓိပ္ပါယ်မှာ- ﴿اَلْجَدِيْدُ﴾ သစ်လွင်သော အရာဟူ၍ ဖြစ်သည်။

اِصْطِلَاحًا ➲ ပညာရပ်ဆိုင်ရာ ဝေါဟာရအရ.....

ကိုယ်တော်မြတ်(ﷺ)၏ မိန့်ခွေချက်များ၊ လုပ်ဆောင်ချက်များ၊ အတည်ပြုချက်များ၊ ဝိသေသတော်များနှင့်ပတ်သက်သည့် ဆင့်ပြန်ချက်များကို الحَدِيْثُ ဟုခေါ်ဆိုသည်။

❷ الخَبَرُ

لُغَةً ➲ အရဗီစာပေ၌ الخَبَرُ ၏ အဓိပ္ပါယ်မှာ- ﴿اَلنَّبَأُ﴾ သတင်းဖြစ်သည်။

اِصْطِلَاحًا ➲ ပညာရပ်ဆိုင်ရာ ဝေါဟာရအရ.....

↳ ကိုယ်တော်မြတ်(ﷺ)၏ မိန့်ခွေချက်များ၊ လုပ်ဆောင်ချက်များ၊ အတည်ပြုချက်များ၊ ဝိသေသတော်များနှင့်ပတ်သက်သည့် ဆင့်ပြန်ချက်များကို الخَبَرُ ဟုခေါ်ဆိုသည်။

↯ ကိုယ်တော်မြတ်(ﷺ)ထံပါးမှ လာရှိသည့်ဆင့်ပြန်ချက်များကို الحَدِيْثُ ဟု ခေါ်ဆို၍ အခြားသော ပုဂ္ဂိုလ်များထံမှ လာရှိသည့်ဆင့်ပြန်ချက်များကို الخَبَرُ ဟုခေါ်ဆိုသည်။

❸ الأَثَرُ

لُغَةً ➲ အရဗီစာပေ၌ الأَثَرُ ၏အဓိပ္ပါယ်မှာ- ﴿بَقِيَّةُ الشَّيْءِ﴾ အရာဝတ္ထု တစ်ခု၏ အကြွင်းအကျန် ဖြစ်သည်။

اِصْطِلَاحًا ➲ ပညာရပ်ဆိုင်ရာ ဝေါဟာရအရ.....

↯ ကိုယ်တော်မြတ်(ﷺ)၏ မိန့်ခွေချက်များ၊ လုပ်ဆောင်ချက်များ၊ အတည်ပြုချက်များ၊ ဝိသေသတော်များနှင့်ပတ်သက်၍ ဆင့်ပြန်ချက်များကို الأَثَرُ ဟုခေါ်ဆိုသည်။

↯ ဆွဟာဗဟ်ကြီးများနှင့် သာဗိအီးန်ကြီးများဘက်သို့ ဆက်နွယ်၍ ဖော်ပြခြင်းခံရသည့် မိန့်ခွေချက်များနှင့် လုပ်ဆောင်ချက်များကိုလည်း الأَثَرُ ဟုခေါ်သည်။

❹ اَلْإِسْنَادُ

اَلْإِسْنَادُ ဆိုသည်မှာ- ဟဒီးစ်တော်ကို မိန့်ခွေသူဘက်သို့ စနဒ်(ကွင်းဆက်)နှင့်တကွ ဆက်နွယ်ပေးခြင်း ဖြစ်သည်။

❺ السَّنَدُ

لُغَةً ➲ အရဗီစာပေ၌ السَّنَدُ ၏အဓိပ္ပါယ်မှာ- اَلْمُعْتَمَدُ မှီခိုရာ ဖြစ်သည်။ ဤသို့အမည်ပေးရခြင်းမှာ ဟဒီးဆ်တော်သည် ထိုဆင့်ပြန်သူကွင်းဆက်ပေါ်၌ မှီခိုနေသည့် အတွက်ကြောင့်ဖြစ်သည်။

اِصْطِلَاحًا ➲ ပညာရပ်ဆိုင်ရာ ဝေါဟာရအရ.....

ဟဒီးစ်စာသားနှင့် ထိဆက်နေသည့် ဆင့်ပြန်သူများ၏ ကွင်းဆက်ကို စနဒ်ဟု ခေါ်သည်။

❻ المَتْنُ

لُغَةً ➲ အရဗီစာပေ၌ المَتْنُ ၏ အဓိပ္ပါယ်မှာ- မြေကြီးမှ မြင့်မောက်၍ မာကျောနေသည့်အစိတ်အပိုင်း ဖြစ်သည်။

اِصْطِلَاحًا ➲ ပညာရပ်ဆိုင်ရာ ဝေါဟာရအရ.....

စနဒ်(ကွင်းဆက်) ဆုံးပြီးနောက် လာရှိသည့် စာသားကို المَتْنُ ဟုခေါ်သည်။

❼ المُسْنَدُ

لُغَةً ➲ အရဗီစာပေ၌ المُسْنَدُ ၏ အဓိပ္ပါယ်မှာ- ဆက်နွယ်ပတ်သက်ခြင်း ခံရသောအရာ ဖြစ်သည်။

اِصْطِلَاحًا ➲ ပညာရပ်ဆိုင်ရာ ဝေါဟာရအရ.....

ဆွဟာဗဟ်တစ်ပါးတိုင်း၏ ဆင့်ပြန်ချက်များကို သီးသန့်စီထားရှိ၍ စု စည်းထားသော ဟဒီးစ်ကျမ်းဂန်ကို اَلْمُسْنَدُ ဟုခေါ်သည်။

❽ اَلْمُسْنِدُ

اَلْمُسْنِدُ ဆိုသည်မှာ မိမိ၏ကိုယ်ပိုင် စနဒ်(ကွင်းဆက်)ဖြင့် ဟဒီးစ်တော် ကို ဆင့်ပြန်သောသူဖြစ်သည်။ ထိုသို့ဆင့်ပြန်ရာတွင် ၎င်း၌ ဟဒီးစ် တော်နှင့်ပတ်သက်၍ သိကျွမ်းမှုရှိသည်ဖြစ်စေ(သို့) ဆင့်ပြန်မှုသီးသန့် သာ ပြုသည်ဖြစ်စေ ထိုပုဂ္ဂိုလ်ကို اَلْمُسْنِدُ ဟုခေါ်ဆိုသည်။

❾ اَلْمُحَدِّثُ

اَلْمُحَدِّثُ ဆိုသည်မှာ رِوَايَةً (ဆင့်ပြန်ခြင်း)အရသော်လည်းကောင်း၊ دِرَايَةً (ဟဒီးဆ်တော်မှ ထုတ်နှုတ်ခြင်း) အရသော်လည်းကောင်း ဟဒီးစ်နှင့် မွေ့လျော်ကာ ဆင့်ပြန်ချက်များနှင့် ဆင့်ပြန်သူအများစု၏ အကြောင်း အရာများကို သိရှိသော ပုဂ္ဂိုလ်ဖြစ်သည်။

⑩ الحَافِظُ

الحَافِظُ ဆိုသည်မှာ ခေတ်တိုင်းတွင်ရှိသော ဆင့်ပြန်သူများနှင့် ဆင့်ပြန်ချက်အများစုကို الْمُحَدِّثُ ထက် သာပို၍သိရှိသော ပုဂ္ဂိုလ်အား ခေါ်ဆိုသည်။

⑪ الحَاكِمُ

الحَاكِمُ ဟဒီးတော်အားလုံးနီးပါးနှင့်ပတ်သက်၍ သိကြွမ်းနားလည်ပြီး မှတ်ချက်ပေးနိုင်သော ပုဂ္ဂိုလ်ဖြစ်သည်။ ဤဖွင့်ဆိုချက်မှာ အချို့သော ပညာရှင်များ၏ ဖွင့်ဆိုချက်ဖြစ်သည်။

❑ အခြေခံသုတများ

① اَلْحَدُّ ﴾ဖွင့်ဆိုချက်﴿

مُصْطَلَحُ الْحَدِيْثِ ဆိုသည်မှာ ဟဒီးစ်စာသားများနှင့် စနဒ် ﴾ကွင်းဆက်﴿ များကို လက်ခံ၍ရခြင်း၊ မရခြင်း ရှုထောင့်အရ သုံးသပ်နိုင်သည့် အခြေခံဥပဒေများကို လေ့လာသော ဘာသာရပ်ဖြစ်သည်။

❷ اَلْمَوْضُوْعُ (လေ့လာချက်နယ်ပယ်)

مُصْطَلَحُ الْحَدِيْثِ ပညာရပ်သည် ခိုင်မာတိကျမှုရှိခြင်း မရှိခြင်းရှုထောင့် အရ ဟဒီးစ်တော်များနှင့် စနဒ်(ကွင်းဆက်)တို့ကို အခြေခံအဓိကထား လေ့လာမည်။

❸ اَلثَّمَرَةُ (အကျိုးရလဒ်)

مُصْطَلَحُ الْحَدِيْثِ ကို လေ့လာသင်ယူခြင်းဖြင့် တိကျခိုင်မာမှုရှိသည့် ဟ ဒီးစ်တော်များနှင့် တိကျခိုင်မာမှုမရှိသည့် ဟဒီးစ်တော်များကို ခွဲခြားနိုင် သည့် အကျိုးရလဒ်ရရှိပေသည်။

❹ اَلْوَاضِعُ (စတင်မျိုးစေ့ချသူ)

ဤပညာရပ်တွင် သီးသန့်ကျမ်းဂန်အဖြင့် ပထမဦးဆုံးရေးသားပြုစုခဲ့ သူမှာ " القَاضِيْ أَبُوْ مُحَمَّدٍ الْحَسَنُ بْنُ عَبْدِ الرَّحْمنِ بْنِ خَلَّادٍ الرَّامْهُرْمُزِيُّ المتوفى ٣٦٠هـ " ဖြစ်သည်။ ထိုပညာရှင်ကြီး၏ ကျမ်းအမည်မှာ " اَلْمُحَدِّثُ الْفَاصِلُ بَيْنَ الرَّاوِيْ وَالْوَاعِيْ" ဖြစ်သည်။

❺ اَلْاِسْمُ (အမည်နာမ)

أُصُوْلُ الْحَدِيْثِ ပညာရပ်၏အမည်မှာ مُصْطَلَحُ الْحَدِيْثِ ဖြစ်သည်။

❻ မှီငြမ်းကိုးကားချက်

ဆင့်ပြန်သူ(ရာဝီ)များနှင့် ဟဒီးစ်တော်များ၏ အခြေအနေများကို သုံးသပ်ကာ ရရှိလာသော အချက်အလက်များကို မှီငြမ်းကိုးကားထားသည်။

❼ حُكْمُ الشَّارِعِ (တရားတော်လာအမိန့်)

مُصْطَلَحُ الْحَدِيْثِ ပညာရပ်ကို သင်ယူခြင်းသည် فَرْضُ كِفَايَةٍ မိမိအရပ်ဒေသ၌ အချို့၏ သင်ယူဆည်းပူခြင်းကြောင့် အခြားသူများပေါ်မှ တာဝန်ကျသွားသော အမိန့်ဖြစ်သည်။

❑ رِوَايَةُ الْحَدِيْثِ နှင့် دِرَايَةُ الْحَدِيْثِ တို့ကြား ကွာခြားချက်

اَلْإِمَامُ السُّيُوْطِيُّ (ﷺ)သည် تَدْرِيْبُ الرَّاوِيْ ကျမ်း၏ အမှာစာတွင်-

اَلْعَلَّامَةُ اِبْنُ الْأَكْفَانِيُّ ထံမှ رِوَايَةُ الْحَدِيْثِ وَدِرَايَةُ الْحَدِيْثِ နှင့်ပတ်သက်၍ ဤသို့ ဆင့်ပြန်ထားသည်။ "رِوَايَةُ الْحَدِيْثِ ဆိုသည်မှာ ကိုယ်တော်မြတ်(ﷺ)၏ မိန့်ချွေချက်များ၊ လုပ်ဆောင်ချက်များ၊ အတည်ပြုထောက်ခံချက်များ၊ ဝိသေသများကို ရေးသားမှတ်တမ်းတင်ခြင်းနှင့် ဆင့်ပြန်ခြင်းဖြစ်သည်။

“دِرَايَةُ الْحَدِيْثِ ဆိုသည်မှာ ဆင့်ပြန်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စည်းကမ်းချက်များ၊ အမျိုးအစားများ၊ အမိန့်ပညတ်များ၊ ဆင့်ပြန်သူတို့၏ အခြေအနေများ၊ ၎င်းတို့နှင့်သက်ဆိုင်သည့် စည်းကမ်းချက်များ၊ ဆင့်ပြန်ချက်များ၏ အမျိုးအစားများနှင့် ယင်းဆင့်ပြန်ချက်များနှင့် သက်ဆိုင်သည့် အချက်အလက်များအားလုံးကို လေ့လာခြင်း ဖြစ်သည်။

အခန်း(၂) စနဒ် (ကွင်းဆက်)၌ ဆင့်ပြန်သူ ပြုတ်ကျခြင်း

မပြုတ်ကျခြင်းရှုထောင့်အရ ဟဒီးစ်တော်၏ အမျိုးအစားများ

အခန်း(၂) စနဒ် (ကွင်းဆက်)၌ ဆင့်ပြန်သူ ပြုတ်ကျခြင်း

(ဖြမပြုတ်ကျခြင်းရှုထောင့်အရ ဟဒီးစ်တော်၏ အမျိုးအစားများ)

❶ اَلْمُتَّصِلُ ဆိုသည်မှာ اِتَّصَلَ မှ ခွဲထွက်လာသော اسم الفاعل ဖြစ်သည်။

ပညာရပ်ဆိုင်ရာဝေါဟာရအရ ➲ مَتَّصِلٌ ဆိုသည်မှာ ဆင့်ပြန်သူအချင်းချင်းကြားတွင် ပြတ်တောက်သွားခြင်းမရှိသော စနဒ်ဖြင့် လာရှိသည့် ဟဒီးဆ်တော်ကို ခေါ်ဆိုသည်။

ဥပမာ

مَارَوَاهُ الْبُخَارِيُّ : حَدَّثَنَا عُمَرُ بْنُ حَفْصٍ، حَدَّثَنَا أَبِيْ، حَدَّثَنَا الْأَعْمَشُ قَالَ: حَدَّثَنِيْ زَيْدُ بْنُ وَهْبٍ قَالَ: سَمِعْتُ جَرِيْرَ بْنَ عَبْدِ اللهِ عَنِ النَّبِيِّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ قَالَ: "مَنْ لَّا يَرْحَمُ لَايُرْحَمُ"

ယင်းဟဒီးစ်တွင် ဆင့်ပြန်သူများသည် တစ်ဦးနှင့်တစ်ဦးချိတ်ဆက်၍ ဆင့်ပြန်ထားပေသည်။

❷ اَلْمُعَلَّقُ

اَلْمُعَلَّقُ ဆိုင်သည်မှာ عَلَّقَ ပုဒ်မှ ဆင့်ပွားပြောင်းလဲလာသော اسم المفعول ဖြစ်သည်။

၎င်း၏ အဓိပ္ပါယ်မှာ ➲ **“ချိတ်ဆက်ခြင်း”** ဖြစ်သည်။

ပညာရပ်ဆိုင်ရာဝေါဟာရအရ ➲ اَلْمُعَلَّقُ ဆိုသည်မှာ စနဒ်၏အစ၌ ဆင့်ပြန်သူတစ်ဦး (သို့) တစ်ဦးထက်များသော အရေးအတွက်ကို အစဉ်လိုက်ဖြုတ်၍ ဆင့်ပြန်ထားသည့် ဟဒီးစ်တော်အား ခေါ်ဆိုပါသည်။

ဥပမာ

مَا قَالَ الْبُخَارِيُّ فِيْ صَحِيْحِهِ : قَالَ صِلَةُ عَنْ عَمَّارٍ: مَنْ صَامَ يَوْمَ الشَّكِّ فَقَدْ عَصَى أَبَا الْقَاسِمِ صلى الله عليه وسلم.

အေမာမ်ဗုိခါရီ(ဟ)သည် ယင်းဟဒီးစ်တော်၏ စနဒ်အစ၌ ဆင့်ပြန်သူ နှစ်ဦး(သို့) သုံးဦးကို ဖြုတ်ချထားပေသည်။

❑ **မှတ်ချက်။　　။ စနဒ်၏ အစဆိုသည်မှာ စတင်ဖတ်ရွတ်ရသည့် နေရာအားခေါ်ဆိုသည်။**

❸ اَلْمُرْسَلُ

اَلْمُرْسَلُ ဆိုသည်မှာ أَرْسَلَ မှ ခွဲထွက်လာသော اسم مفعول ဖြစ်သည်။

ၵင်း၏ အဓိပ္ပါယ်မှာ ➲ **"လွှတ်ခြင်း"** ဖြစ်သည်။

ပညာရပ်ဆိုင်ရာဝေါဟာရအရ ➲ اَلْمُرْسَلُ ဆိုသည်မှာ စနဒ်၏အဆုံးမှ သာဗီအီးန်၏ နောက်တွင်ရှိသော ရာဝီကို ဖြုတ်၍ ဆင့်ပြန်ထားသည့် ဟဒီးစ်တော်အား ခေါ်ဆိုပါသည်။

ဥပမာ

حَدَّثَنِيْ مُحَمَّدُ بْنُ رَافِعٍ حَدَّثَنَا جُحَيْنٌ حَدَّثَنَا اللَّيْثُ عَنْ عُقَيْلٍ عَنِ ابْنِ شِهَابٍ عَنْ **سَعِيْدِ بْنِ الْمُسَيَّبِ** أَنَّ رَسُوْلَ اللهِ صلى الله عليه وسلم نَهَى عَنْ بَيْعِ الْمُزَابَنَةِ. (رواه مسلم –كتاب البيوع– ٣/١١٦٨–٥٩)

ဖော်ပြပါ ဟဒီးစ်တော်တွင် ဟဇရသ် سَعِيْدُ بْنُ الْمُسَيَّبِ သခင်ကြီးသည် သာဗီအီးန်ကြီးများအနက်မှ ဖြစ်သည်။ ထို့နောက် သခင်ကြီးသည် ဟဒီးစ်တော်ကို မိမိနှင့် ကိုယ်တော်မြတ်(ﷺ) ကြားတွင် အခြားကြားခံမပါဘဲ ဆင့်ပြန်ထားသည်။

❹ مُعْضَلٌ

مُعْضَلٌ ဆိုသည်မှာ **أَعْضَلَ** မှ ဆင့်ပွားပြောင်းလဲလာသော **اسم مفعول** ဖြစ်သည်။

၎င်း၏ အဓိပ္ပါယ်မှာ ➲ **"ချည့်နဲ့စေခြင်း"** ဖြစ်သည်။

ပညာရပ်ဆိုင်ရာဝေါဟာရအရ ➲ **مُعْضَلٌ** ဆိုသည်မှာ "စနဒ်၏ အလယ်တွင် ဆင့်ပြန်သူနှစ်ဦး (သို့) နှစ်ဦးထက်ပိုသော အရေအတွက်ကို အစဉ်လိုက်ဖြုတ်၍ ဆင့်ပြန်သည့် ဟဒီးစ်တော်အား ခေါ်ဆိုပေသည်။

ဥပမာ

مَارَوَاهُ الْقَعْنَبِيُّ عَنْ **مَالِكٍ** "أَنَّهُ بَلَغَهُ أَنَّ أَبَا **هُرَيْرَةَ** رَضِيَ اللهُ عَنْهُ قَالَ قَالَ رَسُوْلُ اللهِ صلى الله عليه وسلم لِلْمَمْلُوْكِ طَعَامُهُ وَكِسْوَتُهُ بِالْمَعْرُوْفِ وَلَا يُكَلَّفُ مِنَ الْعَمَلِ إِلَّا مَا يُطِيْقُ."

ယင်းဟဒီးစ်တော်တွင် အေမာမ်မာလစ်က်﴿ﷺ﴾နှင့် ဟဇရသ်အဗူဟုရိုင်ရာဟ်﴿ﷺ﴾ တို့ကြားတွင် ဆင့်ပြန်သူ **"مُحَمَّدُ بْنُ عَجْلَانَ"** နှင့် ၎င်း၏ဖခင်တို့ ပြုတ်နေသည်။

❺ اَلْمُنْقَطِعُ

اَلْمُنْقَطِعُ ဆိုသည်မှာ **اَلْاِنْقِطَاعُ** မှ ဆင့်ပွားပြောင်းလဲလားသော **اسم فاعل** ဖြစ်သည်။

၎င်း၏ အဓိပ္ပါယ်မှာ ➲ **"ပြတ်တောက်ခြင်း"** ဖြစ်သည်။

ပညာရပ်ဆိုင်ရာဝေါဟာရအရ ➲ **اَلْمُنْقَطِعُ** ဆိုသည်မှာ ဆင့်ပြန်သူ အချင်းချင်းကြားတွင် ပြတ်တောက်နေသည့် စနဒ်ဖြင့် ဆင့်ပြန်ထားသော ဟဒီးစ်တော်အား ခေါ်ဆိုပါသည်။

ရှင်းလင်းချက်

اَلْمُرْسَلُ، اَلْمُعَلَّقُ، اَلْمُعْضَلُ တို့၏ ပုံစံမဟုတ်ဘဲ အခြားသော ပုံစံဖြင့် စနဒ်ကွင်းဆက်ပြတ်နေ့သည့် ဟဒီးစ်တော်ကို اَلْمُنْقَطِعُ ဟုခေါ်ဆိုပါသည်။

ဥပမာ

مَارَوَاهُ عَبْدُ الرَّزَّاقِ عَنِ **الثَّوْرِيِّ**، عَنْ **أَبِيْ إِسْحَاقَ**، عَنْ زَيْدِ ابْنِ يُثَيْعٍ، عَنْ حُذَيْفَةَ مَرْفُوْعًا : "إِنْ وَلَّيْتُمْ أَبَابَكْرٍ فَقَوِيٌّ أَمِيْنٌ." –أخرجه الحاكم في معرفة علوم الحديث.

ဖော်ပြပါ စနဒ်၏ အလယ်တွင် ဆင့်ပြန်သူတစ်ဦး ပြုတ်ကျနေသည်။ ၎င်းမှာ **اَلثَّوْرِيُّ** နှင့် **أَبُوْ إِسْحَاقَ** ကြားတွင်ရှိသော ဆင့်ပြန်သူ **شَرِيْكٌ** ပင် ဖြစ်သည်။

❻ **اَلتَّدْلِيْسُ**

اَلتَّدْلِيْسُ ဆိုသည်မှာ ➲ မိမိဆရာအစစ်အမှန်အား ဖော်ပြခြင်းမရှိဘဲ အ ကြောင်းတစ်ခုခုကြောင့် ဖုံးကွယ်ထားခြင်းကို ခေါ်ဆိုသည်။

اَلتَّدْلِيْسُ ၏ ပင်မအမျိုးအစား **《J》** မျိုးရှိပါသည်။

၎င်းတို့မှာ- ① **تَدْلِيْسُ الْإِسْنَادِ** ② **تَدْلِيْسُ الشُّيُوْخِ**

① **تَدْلِيْسُ الْإِسْنَادِ** တွင် အမျိုးအစား **《J》** မျိုးရှိပြန်သည်။ ① **تَدْلِيْسُ الْإِسْقَاطِ** ② **تَدْلِيْسُ التَّسْوِيَةِ**

① **تَدْلِيْسُ الْإِسْقَاطِ** ဆိုသည်မှာ ဆင့်ပြန်သူသည် မိမိဟဒီးစ်ကြားနာဖူး သော ပညာရှင်ထံပါးမှ မိမိကြားနာဖူးခြင်းမရှိသည့် ဟဒီးစ်တော်ကို ဆင့် ပြန်ခြင်းအား ခေါ်ဆိုသည်။ ထို့သို့ဆင့်ပြန်ရာတွင် ၎င်းသည် မိမိဆရာသ

ခင်ထံမှ ကြားသိခဲ့ရပါသည် ဆိုသောအချက်ကို အတိအလင်းဖော်ပြ ခြင်း မရှိပေ။

ရှင်းလင်းချက်

ဆင့်ပြန်သူသည် ပညာရှင်တစ်ပါးထံမှ အချို့သော ဟဒီးစ်တော် များကို ကြားနာဖူးသည်။ သို့သော် ၎င်းသူ تَدْلِيْسٌ ပြုသော ဟဒီးစ်တော် မှာ ဖော်ပြပါ ပညာရှင်ထံပါးမှ ကြားသိခဲ့ရခြင်းမဟုတ်ဘဲ အခြားသော ပညာရှင်တစ်ပါးထံမှ ကြားသိခဲ့ရခြင်းဖြစ်သည်။ ထို့နောက် ၎င်းသူသည် ယင်းဟဒီးစ်တော်ကို မိမိဟဒီးစ်တော်အချို့ကြားနာဖူးသည့် ပထမပညာ ရှင်၏ စနဒ်ဖြင့် ဆင့်ပြန်ခြင်းဖြစ်သည်။

② تَدْلِيْسُ التَّسْوِيَةِ ဆိုသည်မှာ ဆင့်ပြန်သူသည် မိမိဆရာထံမှ ဟဒီးစ် တော်ကို ဆင့်ပြန်ပေသည်။ ထို့သို့ဆင့်ပြန်ရာတွင် ယင်းဟဒီးစ်တော်၏ စနဒ်၌ရှိသော ယုံကြည်စိတ်ချရသည့် ဆင့်ပြန်သူနှစ်ဦးကြားရှိ ضَعِيْفٌ ဆင့်ပြန်သူကို ဖြုတ်ချပြီး ဆင့်ပြန်ခြင်း အားခေါ်ဆိုပါသည်။

ဥပမာ

اَلْحَدِيْثُ الَّذِيْ رَوَاهُ إِسْحَاقُ بْنُ رَاهْوَيْهِ عَنْ بَقِيَّةَ: حَدَّثَنِيْ أَبُوْ وَهْبِ الْأَسْدِيُّ عَنْ نَافِعٍ عَنِ ابْنِ عُمَرَ حَدِيْثَ "لَا تَحْمَدُوْا إِسْلَامَ الْمَرْءِ حَتَّى تَعْرِفُوْا عُقْدَةَ رَأْيِهِ"

ယင်းဟဒီးစ်တော်တွင် بَقِيَّةُ သည် أَبُوْ وَهْبِ الْأَسْدِيُّ နှင့် نَافِعٌ ကြား ရှိ ضَعِيْفٌ ဆင့်ပြန်သူ إِسْحَاقُ بْنُ أَبِيْ فَرْوَةَ ကို ဖြုတ်ချထားပေသည်။

② تَدْلِيْسُ الشُّيُوْخِ ဆိုသည်မှာ ဆင့်ပြန်သူသည် မိမိဆရာသခင်ထံမှ ကြားနားထားသည့် ဟဒီးစ်တော်ကို ဆင့်ပြန်ရာ၌ ဆရာ၏ နာမည်ကို ဖော်ပြရာတွင် လူအများမသိသော ဆရာသခင်၏ အမည်၊ ဝိသေသ၊ ဘွဲ့၊ နေရပ်ကို အသုံးပြု၍ ဆင့်ပြန်ခြင်းကို ခေါ်ဆိုသည်။



❼ اَلْمُرْسَلُ الْخَفِيُّ

اَلْمُرْسَلُ ဆိုသည်မှာ أَرْسَلَ မှ ခွဲထွက်လာသော اسم مفعول ဖြစ်သည်။ ၎င်း၏ အဓိပ္ပါယ်မှာ ➲ **"လွှတ်ခြင်း"** ဖြစ်သည်။ اَلْخَفِيُّ ဆိုသည်မှာ **"ဖုံးကွယ်ခြင်း"** ဖြစ်သည်။

ပညာရပ်ဆိုင်ရာ ဝေါဟာရအရ ➲ اَلْمُرْسَلُ الْخَفِيُّ ဆိုသည်မှာ ဆင့်ပြန်သူသည် မိမိနှင့်ခေတ်ပြိုင်ဆရာသခင်ထံမှသော်လည်းကောင်း၊ မိမိနှင့်တွေ့ဆုံဖူးသော ဆရာထံမှသော်လည်းကောင်း မိမိကြားနာခဲ့ခြင်းမရှိသည့် ဟဒီးစ်တော်အား ဆင့်ပြန်ခြင်းကို ခေါ်ဆိုသည်။ ထိုသို့ဆင့်ပြန်ရာ၌ ၎င်းသည် ယင်းဆရာသခင်ထံမှ ကြားသိခဲ့သည့်ပုံစံမျိုးဖြင့် ဆင့်ပြန်ပေသည်။

ဥပမာ

مَارَوَاهُ ابْنُ مَاجَةَ مِنْ طَرِيْقِ عُمَرَ بْنِ عَبْدِ الْعَزِيْزِ، عَنْ عُقْبَةَ بْنِ عَامِرٍ مَرْفُوْعًا : رَحِمَ اللهُ حَارِسَ الْحُرْسِ.

ဖော်ပြပါ ဟဒီးစ်တော်တွင်ပါရှိသော ဟဇရသ် عُمَرُ သခင်သည် ဟဇရသ် عُقْبَةُ နှင့် တွေ့ဆုံခဲ့ခြင်းမရှိခဲ့ပေ။

اَلْمُدَلَّسُ နှင့် اَلْمُرْسَلُ الْخَفِيُّ ကြား ကွာခြားချက်

اَلْمُدَلَّسُ ဆိုသည်မှာ မိမိကြားနာဖူးသော ဆရာသခင်ထံပါးမှ မိမိကြားနာဖူးခြင်းမရှိသော ဟဒီးစ်တော်ကို ဆင့်ပြန်ခြင်းဖြစ်၍ اَلْمُرْسَلُ الْخَفِيُّ ဆိုသည်မှာ မိမိနှင့်တွေ့ဆုံဖူးသော ဆရာသခင်ထံပါးမှ မိမိကြားနာဖူးခြင်းမရှိသည့် ဟဒီးစ်တော်ကို ဆင့်ပြန်ခြင်းဖြစ်သည်။

❽ اَلْمُعَنْعَنُ

اَلْمُعَنْعَنُ ဆိုသည်မှာ ဆင့်ပြန်သူသည် ဟဒီးစ်တော်၏ စနဒ်ကိုဖော်ရာ၌ "فُلَانٌ عَنْ فُلَانٍ" ဟူ၍ အသုံးပြုကာ ဆင့်ပြန်ထားသော ဟဒီးစ်တော်ကို ခေါ်ဆိုသည်။ ဤသို့သော ဟဒီးစ်တော်သည် အောက်ဖော်ပြပါ စည်းကမ်းချက်နှစ်ချက်ဖြင့် ကိုက်ညီမှုရှိပါက مُتَّصِلٌ ဟဒီးစ်၏ အမိန့်၌ အကျုံးဝင်မည်။

① "عن" စကားလုံးကို အသုံးပြု၍ ဆင့်ပြန်သူသည် تَدْلِيْسٌ ပြုသူ မဖြစ်ရပေ။

② "عن" စကားလုံးကို အသုံးပြု၍ ဆင့်ပြန်သူသည် မိမိ ဆရာသခင်နှင့် တွေ့ဆုံဖူးသည့် အနေအထားတွင် ရှိရမည်။

ဥပမာ

مَارَوَاهُ ابْنُ مَاجَةَ بِسَنَدِهِ عَنْ أُسَامَةَ بْنِ زَيْدٍ عَنْ عُثْمَانَ بْنِ عُرْوَةَ عَنْ عُرْوَةَ عَنْ عَائِشَةَ رضي الله عنها قَالَ رَسُوْلُ اللهِ صلى الله عليه وسلم: "إِنَّ اللهَ وَمَلَائِكَتَهُ يُصَلُّوْنَ عَلَى مَيَامِنِ الصُّفُوْفِ".

အခန်း (၃) စနဒ် (ကွင်းဆက်) ဆုံးသည့် နေရာကို အခြေခံ၍ ဟဒီးစ်တော်များ၏ အမျိုးအစားများ။



အခန်း (၃) စနဒ် (ကွင်းဆက်) ဆုံးသည့် နေရာကို အခြေခံ၍ ဟဒီးစ်တော်များ၏ အမျိုးအစားများ။

1 اَلْحَدِيْثُ الْقُدْسِيُّ

اَلْقُدْسِيُّ သည် اَلْقُدْسُ ဘက်သို့ نِسْبَةٌ (ပတ်သက်ဆက်နွယ်)ထားသော စာလုံးဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ **"သန့်စင်ခြင်း"** ဖြစ်သည်။

ပညာရပ်ဆိုင်ရာဝေါဟာရအရ ➲ اَلْحَدِيْثُ الْقُدْسِيُّ ဆိုသည်မှာ ကိုယ်တော်မြတ်(ﷺ) ကိုယ်တော်တိုင် အလ္လာဟ်အရှင်မြတ်ထံပါးထိ စနဒ် (ကွင်းဆက်)ဆက်၍ ဆင့်ပြန်ထားသော ဟဒီးစ်တော်ကို ခေါ်ဆို သည်။

ဥပမာ

عَنْ أَبِيْ ذَرٍّ رضي الله عنه، عَنِ النَّبِيِّ صلى الله عليه وسلم فِيْمَا رَوَى عَنِ اللهِ تَبَارَكَ وَتَعَالَى أَنَّهُ قَالَ: يَاعِبَادِيْ إِنِّي حَرَّمْتُ الظُّلْمَ عَلَى نَفْسِيْ وَجَعَلْتُهُ بَيْنَكُمْ مُحَرَّمًا فَلَا تَظَالَمُوْا..... (رواه مسلم– كتاب البر والصلة ١٩٩٤/٤ حديث ٥٥)

اَلْحَدِيْثُ الْقُدْسِيُّ နှင့် ကုရ်အာန်ကျမ်းတော်မြတ်ကြားကွာခြားချက်

➤ ကုရ်အာန်၏ စာလုံးနှင့် အဓိပ္ပာယ်နှစ်မျိုးလုံးသည် အလ္လာဟ် အရှင်မြတ်ထံပါးမှ ဖြစ်၍ اَلْحَدِيْثُ الْقُدْسِيُّ ၏ အဓိပ္ပာယ်သည် အလ္လာဟ်ထံတော်ပါးမှဖြစ်ပြီး စာလုံးသည် ကိုယ်တော်မြတ်(ﷺ) ထံမှဖြစ်သည်။

➢ ကုရ်အာန်ကျမ်းတော်မြတ်သည် အဖာဒသ်အနေဖြင့် ဖတ်ရွတ်ခွင့်ရှိပြီး اَلْحَدِيْثُ الْقُدْسِيُّ မှာမူ အဖာဒသ်အနေဖြင့် ဖတ်ရွတ်ခွင့်မရှိပေ။

➢ ကုရ်အာန်ကျမ်းတော်မြတ်၏ အတည်ဖြစ်မှုတွင် اَلتَّوَاتُرُ (စနဒ်အစမှ အဆုံးထိ ပါဝင်သော အုပ်စုတိုင်းရှိပုဂ္ဂိုလ်များသည် စုပေါင်းလိမ်ညာ၍ မဖြစ်နိုင်သည့် အနေအထားရှိခြင်း) ဟူသော စည်းကမ်းချက်လိုအပ်၍ اَلْحَدِيْثُ الْقُدْسِيُّ ၏ အတည်ဖြစ်မှုတွင် اَلتَّوَاتُرُ ၏ စည်းကမ်းချက်မလိုအပ်ပေ။

2 اَلْمَرْفُوْعُ

اَلْمَرْفُوْعُ ဆိုသည်မှာ ➲ رَفَعَ မှ ဆင့်ပွားပြောင်းလဲလာသော اسم مفعول ဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ ➲ "မြင့်တင်ခြင်း" ဖြစ်သည်။

ပညာရပ်ဆိုင်ရာ ဝေါဟာရအရ ➲ ကိုယ်တော်မြတ်(ﷺ)၏ မိန့်ခွေ ချက်များ၊ လုပ်ဆောင်ချက်များ၊ အတည်ပြုချက်များ၊ ဝိသေသတော်များ နှင့်ပတ်သက်သည့် ဆင့်ပြန်ချက်များကို اَلْمَرْفُوْعُ ဟုခေါ်ဆိုသည်။

ရှင်းလင်းချက်

ကိုယ်တော်မြတ်(ﷺ)၏ မိန့်ခွေချက်များ၊ လုပ်ဆောင်ချက်များ၊ အတည်ပြုချက်များ၊ ဝိသေသတော်များနှင့်ပတ်သက်သည့် ဆင့်ပြန်ချက် ဟူသမျှကို اَلْمَرْفُوْعُ ဟုခေါ်ဆိုသည်။ ၎င်းပြင် ထို့သို့ ဆင့်ပြန်သူသည် ဆွ

ဟာဗဟ်ဖြစ်စေ (သို့) အခြားဆင့်ပြန်သူတစ်ဦးဦးဖြစ်စေ اَلْمَرْفُوْعُ ၏ အ မိန့်တွင် အကျုံးဝင်သကဲ့သို့ စနဒ် (ကွင်းဆက်) ပြတ်တောက်သည့် ပုံစံ ဖြင့် ဆင့်ပြန်ထားသည်ဖြစ်စေ၊ မပြတ်တောက်သည့်ပုံစံဖြင့် ဆင့်ပြန် ထားသည်ဖြစ်စေ اَلْمَرْفُوْعُ ၏ အမိန့်တွင် အကျုံးဝင်သည်။ ထို့သို့သော ဖွင့်ဆိုချက်အရ اَلْمَرْفُوْعُ ဟဒီးစ်တော်တွင် اَلْمَوْصُوْلُ، اَلْمُرْسَلُ، اَلْمُتَّصِلُ، اَلْمُنْقَطِعُ စသော ဟဒီးစ်တော်များအားလုံးပါသွားပေသည်။

❖ အချုပ်ဆိုရသော် ဤအမျိုးအစားတွင် စနဒ်ကွင်းဆက်သည် ကိုယ် တော်မြတ်(ﷺ)ထိ ရောက်ရှိရမည်။

3 اَلْمَوْقُوْفُ

اَلْمَوْقُوْفُ ဆိုသည်မှာ ➲ وَقَفَ မှ ဆင့်ပွားပြောင်းလဲလာသော اسم مفعول ဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ ➲ "ရပ်တန့်ခြင်း" ဖြစ်သည်။

ပညာရပ်ဆိုင်ရာ ဝေါဟာရအရ ➲ ဆွဟာဗဟ်(رضي الله عنهم)၏ မိန့်ချွေချက်၊ လုပ်ဆောင်ချက်၊ အတည်ပြုချက်နှင့်ပတ်သက်သည့် ဆင့်ပြန်ချက်များ ကို اَلْمَوْقُوْفُ ဟုခေါ်ဆိုသည်။ ယင်း اَلْمَوْقُوْفُ ဟဒီးစ်တော်ကို اَلْخَبَرُ ဟူ၍လည်းခေါ်ဆိုသည်။

ရှင်းလင်းချက်

ဆွဟာဗဟ်တစ်ပါး(သို့) ဆွဟာဗဟ်အားလုံး၏ မိန့်ချွေချက်၊ လုပ်ဆောင်ချက်၊ အတည်ပြုချက်နှင့်ပတ်သက်သည့် ဆင့်ပြန်ချက် ဟူသမျှသည် اَلْمَوْقُوْفُ ဖြစ်သည်။ ထိုသို့ ဆင့်ပြန်ရာ၌ စနဒ်(ကွင်း ဆက်)သည် ချိတ်ဆက်မှုရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ اَلْمَوْقُوْفُ ၏ အဓိပ္ပာယ်၌ အကျုံးဝင်ပေသည်။

4 اَلْمَقْطُوْعُ

اَلْمَقْطُوْعُ ဆိုသည်မှာ ➲ قَطَعَ မှ ဆင့်ပွားပြောင်းလဲလာသော اسم مفعول ဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ ➲ "ပြတ်တောက်ခြင်း" ဖြစ်သည်။

ပညာရပ်ဆိုင်ရာ ဝေါဟာရအရ ➲ အာဗီအီးန်နှင့် သာဗီအီးန်မဟုတ်သည့် အခြားသောပညာရှင်များ၏ မိန့်ချွေချက်၊ လုပ်ဆောင်ချက်နှင့် ပတ်သက်သည့် ဆင့်ပြန်ချက်များကို اَلْمَقْطُوْعُ ဟုခေါ်ဆိုသည်။ ယင်း اَلْمَقْطُوْعُ ကို اَلْأَثَرُ ဟူ၍လည်းခေါ်သည်။

ရှင်းလင်းချက်

သာဗီအီးန်များ၊ သဗသာဗီအီးန်များနှင့် အခြားသော ပညာရှင်များ၏ မိန့်ချွေချက်၊ လုပ်ဆောင်ချက်နှင့်ပတ်သက်၍ ဆင့်ပြန်ချက်ဟူသ၍ကို اَلْمَقْطُوْعُ ဟု ခေါ်သည်။ اَلْمَقْطُوْعُ သည် اَلْمُنْقَطِعُ နှင့် အမျိုးအစားအရာ၌

လုံးဝတူဆင်ခြင်း မရှိပါ။ اَلْمَقْطُوْع သည် اَلْمَتْنُ ﴿ဟဒီးစ်စာသား﴾ ကို ထောက်ရှု၍ ကွဲလာသော အမျိုးအစားတစ်ခုဖြစ်ပြီး اَلْمُنْقَطِعُ မှာမူ စနဒ် ﴿**ကွင်းဆက်**﴾ကို ထောက်ရှု၍ ကွဲလာသော ဟဒီးစ်တော်၏ အမျိုးအစား တစ်ခုဖြစ်သည်။ ထို့ကြောင့် သာဗီအီးန်၏ စကားရပ်သည် اَلْمَقْطُوْعُ ဖြစ်သည်။ ယင်း اَلْمَقْطُوْعُ၏ စနဒ်﴿**ကွင်းဆက်**﴾သည် مُتَّصِلٌ ﴿ကွင်းဆက် ပြတ်တောက်ခြင်း မရှိသည့် စနဒ်﴾ ဖြစ်နိုင်သကဲ့သို့ مُنْقَطِعٌ ﴿ကွင်းဆက် ပြတ်နေသည့်စနဒ်﴾ လည်း ဖြစ်နိုင်သည်။

အခန်း (၄) ခိုင်မာတိကျခြင်း မတိကျခြင်းကို အခြေခံ၍ ဟဒီးစ်တော်၏ အမျိုးအစားများ

အခန်း (၄) ခိုင်မာတိကျခြင်း မတိကျခြင်းကို အခြေခံ၍ ဟဒီးစ်တော်၏ အမျိုးအစားများ

❶ اَلصَّحِيْحُ لِذَاتِهِ

အရဗီစာပေ၌ اَلصَّحِيْحُ ၏ အဓိပ္ပါယ်မှာ ➲ **"ကျန်းမာသောသူ"** ဖြစ်သည်။ ဤအဓိပ္ပါယ်သည် ကိုယ်ခန္ဓာနှင့်ပူးတွဲ၍ အသုံးပြုပါက နာမကျန်းမှု ကိုဆိုလိုပြီး ဟဒီးစ်တော်နှင့်ပူးတွဲ၍ သုံးပါက **《ချည့်နဲ့ခြင်း》**ကို ဆိုလိုသည်။

ပညာရပ်ဆိုင်ရာ ဝေါဟာရအရ ➲ اَلصَّحِيْحُ ဆိုသည်မှာ ကျက်မှတ်ထိန်းသိမ်းနိုင်စွမ်းရှိပြီး ယုံကြည်စိတ်ချရသည့် သမာဓိရှိသောသူ ဆင့်ပြန်သည့် ဟဒီးစ်တော်အား ခေါ်ဆိုသည်။ ထိုသို့ ဆင့်ပြန်ရာတွင် စနဒ် **《ကွင်းဆက်》**၌ ရာဝီတစ်ဦးနှင့်တစ်ဦးသည် ချိတ်ဆက်နေရပေမည်။ ထို့ပြင် ယင်းစနဒ်တွင် شُذُوْذٌ နှင့် عِلَّةٌ လည်း မရှိရပေ။

ရှင်းလင်းချက်

ဖော်ပြပါ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် စည်းကမ်းချက် **《၅》** ချက်ပါဝင် ပေသည်။

① اِتِّصَالُ السَّنَدِ (စနဒ်တွင်းရှိ ဆင့်ပြန်သူတို့သည် တစ်ဦးနှင့်တစ်ဦး ချိတ်ဆက်မှု ရှိနေခြင်း)

ဆိုလိုသည်မှာ စနဒ်အတွင်းရှိ ဆင့်ပြန်သူတိုင်းသည် မိမိကို ဟဒီးစ်တော် ပို့ချပေးသူထံမှ တိုက်ရိုက်ကြားနာခဲ့ခြင်း ဖြစ်ရမည်။

② عَدَالَةُ الرُّوَاةِ (ယုံကြည်စိတ်ရသည့် ဆင့်ပြန်သူများ)

ဆိုလိုသည်မှာ စနဒ်အတွင်းရှိ ဆင့်ပြန်သူတိုင်းသည် အသိဉာဏ်ရှိ၍ အ ရွယ်ရောက်ပြီးသော မွတ်စ်လင်မ်ဖြစ်ရမည်။ ထို့ပြင် ၎င်းသူသည် ကာ အိန္ဒြေကို ထိခိုက်ပျက်ပြားစေမည့် လုပ်ရပ်များမှ ရှောင်ကျဉ်ပြီး ကဗီ ရာဟ်ဂွန္နဟ်ကို ပေါ်ပေါ်တင်တင် ကျူးလွန်သူလည်း မဖြစ်ရပေ။

③ ضَبْطُ الرُّوَاةِ (ကျက်မှတ်ထိန်းသိန်းနိုင်သည့် ဆင့်ပြန်သူများ)

ဆိုလိုသည်မှာ စနဒ်(ကွင်းဆက်)အတွင်းရှိ ဆင့်ပြန်သူတိုင်းသည် အ လွတ်ကျက်မှတ်ခြင်းအရသော်လည်းကောင်း၊ ရေးသားမှတ်တမ်းတင် ခြင်းအရသော်လည်းကောင်း ဟဒီးစ်တော်ကိုစနစ်တကျ ထိန်းသိမ်းနိုင် သူများ ဖြစ်ရမည်။

④ عَدَمُ الشُّذُوْذِ (စနဒ် "ကွင်းဆက်"အတွင်း ثِقَةٌ -စိတ်ချယုံကြည်ရ သော- ဆင့်ပြန်သူသည် မိမိထက်သာပို၍ စိတ်ချယုံကြည်ရသော - أَوْثَقُ- ဆင့်ပြန်သူကို ဆန့်ကျင့်သည့် ပုံစံမျိုးဖြင့် မဆင့်ပြန်ရ)

⑤ عَدَمُ الْعِلَّةِ (مَعْلُوْلٌ ဟဒီးစ်တော်မဖြစ်ရ)

اَلْعِلَّةُ ဆိုသည်မှာ ဟဒီးစ်တော်၏ မှန်ကန်ရေးကို ထိခိုက်စေသည့် အလွန်ပင် နက်ရှိုက်ဖုံးကွယ်သော ချို့ယွင်းချက် ဖြစ်သည်။ အပေါ်ယံအားဖြင့် ၎င်းဟဒီးစ်သည် ထိုသို့သော ချို့ယွင်းချက်မှ ကင်းစင်နေသည်ဟု ထင်ရပေသည်။

اَلصَّحِيْحُ ၏ စည်းကမ်းချက်များ

① اِتِّصَالُ السَّنَدِ (စနဒ်တွင်းရှိ ဆင့်ပြန်သူတို့သည် တစ်ဦးနှင့်တစ်ဦး ချိတ်ဆက်မှု ရှိနေခြင်း)

② عَدَالَةُ الرُّوَاةِ (ယုံကြည်စိတ်ချရသည့် ဆင့်ပြန်သူများ)

③ ضَبْطُ الرُّوَاةِ (ကျက်မှတ်ထိန်းသိန်းနိုင်သည့် ဆင့်ပြန်သူများ)

④ عَدَمُ الشُّذُوْذِ (စနဒ် "ကွင်းဆက်"အတွင်း ثِقَةٌ -စိတ်ချယုံကြည်ရသော- ဆင့်ပြန်သူသည် မိမိထက်သာပို၍ စိတ်ချယုံကြည်ရသော -أَوْثَقُ- ဆင့်ပြန်သူကို ဆန့်ကျင့်သည့် ပုံစံမျိုးဖြင့် မဆင့်ပြန်ရ)

⑤ عَدَمُ الْعِلَّةِ (مَعْلُوْلٌ ဟဒီးစ်တော်မဖြစ်ရ)

ဥပမာ

حَدَّثَنَا عَبْدُ اللهِ بْنُ يُوْسُفَ قَالَ أَخْبَرَنَا مَالِكٌ عَنِ ابْنِ شِهَابٍ عَنْ مُحَمَّدِ بْنِ جُبَيْرِ ابْنِ مُطْعِمٍ عَنْ أَبِيْهِ قَالَ سَمِعْتُ رَسُوْلَ اللهِ (صلى الله عليه وسلم) "قَرَأَ فِي المَغْرِبِ بِالطُّوْرِ" البخاري–كتاب الأذان– باب الجهر في المغرب –٢/٢٣٧

اَلْمَعْرُوْفُ وَالْمُنْكَرُ

ضَعِيْفٌ ရာဝီသည် ثِقَةٌ ရာဝီ၏ ဆင့်ပြန်ချက်ကို ဆန့်ကျင်၍ ဆင့်ပြန်ပါက ثِقَةٌ ဖြစ်သူ၏ ဆင့်ပြန်ချက်ကို اَلْمَعْرُوْفُ ဟဒီးစ်တော်ဟုခေါ်ဆိုပြီး ယင်း ضَعِيْفٌ ရာဝီ၏ ဆင့်ပြန်ချက်ကို اَلْمُنْكَرُ ဟုခေါ်ဆိုသည်။

② اَلْحَسَنُ

اَلْحَسَنُ သည် "الحُسْنُ" မှ ဆင့်ပွားပြောင်းလဲလာသည့် اَلصِّفَةُ الْمُشَبَّهَةُ ဖြစ်သည်။ ၎င်း၏အဓိပ္ပါယ်မှာ ➲ "လှပခြင်း" ဖြစ်သည်။

ပညာရပ်ဆိုင်ရာ ဝေါဟာရအရ ➲ اَلْحَسَنُ ဆိုသည်မှာ ကျက်မှတ် ထိန်းသိမ်းနိုင်စွမ်း အနည်းငယ်လျော့နည်းနေသည့် ယုံကြည်စိတ်ချရသူ ဆင့်ပြန်သော ဟဒီးစ်တော်ကို ခေါ်ဆိုသည်။ ထိုသို့ ဆင့်ပြန်ရာတွင် စနဒ်(ကွင်းဆက်)၌ ရာဝီတစ်ဦးနှင့်တစ်ဦးသည် ချိတ်ဆက်နေရပေမည်။ ထို့ပြင် ယင်းစနဒ်တွင် شُذُوْذٌ နှင့် عِلَّةٌ လည်း မရှိရပေ။

ဥပမာ

حَدَّثَنَا قُتَيْبَةُ، حَدَّثَنَا **جَعْفَرُ بْنُ سُلَيْمَانَ الضُبَعِيُّ**، عَنْ أَبِيْ عِمْرَانَ الْجَوْنِيِّ، عَنْ أَبِيْ بَكْرِ بْنِ أَبِيْ مُوْسَى الأَشْعَرِيِّ قَالَ : سمعتُ أَبِيْ بِحَضْرَةِ الْعَدُوِّ يَقُوْلُ : قَالَ رسولُ الله (صلى الله عليه وسلم) "إِنَّ أَبْوَابَ الْجَنَّةِ تَحْتَ ظِلَالِ السُّيُوْفِ .....) رواه الترمذي – أبواب فضائل الجهاد– ج ٥ ص٣٠٠ .

ယင်းဟဒီးစ်တော်တွင် **جَعْفَرُ بْنُ سُلَيْمَانَ الضُبَعِيُّ** သည် اَلْحَسَنُ အဆင့်ရှိ ဆင့်ပြန်သူ ဖြစ်သည်။

اَلصَّحِيْحُ لِغَيْرِهِ ❸

اَلصَّحِيْحُ لِغَيْرِهِ ဆိုသည်မှာ اَلْحَسَنُ لِذَاتِهِ အဆင့်ရှိသည့် စနဒ်﴿ကွင်းဆက်﴾ နှစ်ခုဖြင့် ဆင့်ပြန်ထားသည့် ဟဒီးစ်တော်ကို ခေါ်ဆိုပါသည်။

ရှင်းလင်းချက်

اَلْحَسَنُ لِذَاتِهِ + اَلْحَسَنُ لِذَاتِهِ = اَلصَّحِيْحُ لِغَيْرِهِ

ဥပမာ

حَدِيْثُ "**مُحَمَّدِ بْنِ عَمْرٍو**، عَنْ أَبِي سَلَمَةَ، عَنْ أَبِيْ هُرَيْرَةَ، أَنَّ رَسُوْلَ اللهِ (صلى الله عليه وسلم) قَالَ : لَوْلَا أَنْ أَشُقَّ عَلَى أُمَّتِيْ لَأَمَرْتُهُمْ بِالسِّوَاكِ عِنْدَ كُلِّ صَلَاةٍ" – أخرجه الترمذي في كتاب الطهارة، باب ماجاء في السواك، ٣٤/١ .

ဖော်ပြပါ ဟဒီးစ်တော်တွင် مُحَمَّدُ بْنُ عَمْرٍو သည် ကျက်မှတ်အားနည်းသည့် ရာဝီဖြစ်သည့်အတွက်ကြောင့် ယင်းဟဒီးစ်သည် اَلْحَسَنُ ဖြစ်သွားသည်။ သို့သော် ထိုဟဒီးစ်တော်သည် အခြားသော ခိုင်မာတိကျသည့် စနဒ်﴿ကွင်းဆက်﴾ များဖြင့်လည်း လာရှိထားသည့်အတွက်ကြောင့် اَلْحَسَنُ အဆင့်မှ اَلصَّحِيْحُ အဆင့်သို့ ရောက်ရှိသွားပေသည်။

4 اَلْحَسَنُ لِغَيْرِهِ

اَلْحَسَنُ لِغَيْرِهِ ဆိုသည်မှာ ➲ ဆင့်ပြန်သည့် လမ်းကြောင်း﴿စနဒ်﴾များစွာဖြင့်လာရှိသည့် اَلضَّعِيْفُ ဟဒီးစ်တော်ဖြစ်သည်။ သို့သော် ယင်းဟဒီးစ်တော် اَلضَّعِيْفُ ဖြစ်ခြင်းမှာ ဆင့်ပြန်သူ၏ လိမ်လည်မှု (သို့) اَلْفِسْقُ (အပြစ်ကိုထင်ရှားပေါ်လွင်စွာကျူးလွန်)မှုကြောင့် မဖြစ်ရပေ။

اَلْحَسَنُ لِغَيْرِهِ ၏စည်းကမ်းချက်

اَلضَّعِيْفُ ဟဒီးစ်သည် اَلْحَسَنُ لِغَيْرِهِ ဖြစ်ရန် အောက်ဖော်ပြပါစည်းကမ်းချက်နှစ်ချက်ရှိရမည်။

❖ ယင်း اَلضَّعِيْفُ ဟဒီးစ်တော်တွင် အခြားသောပုံစံဖြင့် ဆင့်ပြန်ထားသည့် စနဒ်တစ်ခု (သို့) တစ်ခုထက်မနည်းသည့် အရေအတွက်ရှိရမည်။

ထို့ပြင် ယင်းဆင့်ပြန်ထားသည့် စနဒ်များသည်လည်း မူရင်းစနဒ်နှင့်အ ဆင့်တူ (သို့) ၎င်းထက် အဆင့်မြင့်ရမည်။

ဥပမာ

مَا رَوَاهُ التِّرْمِذِيُّ وَحَسَّنَهُ ، مِنْ طَرِيْقِ شُعْبَةَ ، عَنْ **عَاصِمِ بْنِ عُبَيْدِ اللهِ** ، عَنْ عَبْدِ اللهِ بْنِ عَامِرِ بْنِ رَبِيعَةَ ، عَنَ أَبِيهِ ، "أَنَّ امْرَأَةً مِنْ بَنِيْ فَزَارَةَ تَزَوَّجَتْ عَلَى نَعْلَيْنِ ، فَقَالَ رَسُوْلُ اللهِ (صلى الله عليه وسلم) : أَرَضِيْتِ مِنْ نَفْسِكِ وَمَالِكِ بِنَعْلَيْنِ؟ قَالَتْ : نَعَمْ ، قَالَ : فَأَجَازَ".

ဖော်ပြပါ စနဒ်တွင် **عَاصِمُ بْنُ عُبَيْدِ اللهِ** သည် **اَلضَّعِيْفُ** ဆင့်ပြန်သူဖြစ် သည့်အတွက်ကြောင့် ယင်းဟဒီးစ်တော်သည်လည်း **اَلضَّعِيْفُ** ဖြစ် သည်။ သို့သော် ထိုဟဒီးစ်တော်သည် အခြားသော ဆင့်ပြန်သည့်လမ်း ကြောင်းများဖြင့် လာရှိထားသည့်အတွက်ကြောင့် အေမာမ်သိရ်မိဇီ (ဟ)က **اَلْحَسَنُ** ဟဒီးစ်တော်အဖြစ် သတ်မှတ်ထားပေသည်။

❖ ဟဒီးစ်တော် **اَلضَّعِيْفُ** ဖြစ်ခြင်းမှာ-

➢ ဆင့်ပြန်သူ၏ ကျက်မှတ်ထိန်း သိမ်းနိုင်စွမ်းနည်းပါးခြင်း၊

➢ စနဒ်**(ကွင်းဆက်)**တွင် ဆင့်ပြန်သူတို့ အချင်းချင်းချိတ်ဆက်မှုမရှိ ခြင်း၊

➢ ဆင့်ပြန်သူတို့၏ အခြေအနေများကို မသိရခြင်း၊

အစရှိသဖြင့် အကြောင်းခံများကြောင့်ဖြစ်ရမည်။

5 اَلضَّعِيْفُ

اَلضَّعِيْفُ ဆိုသည်မှာ အရဗီစာပေ၌ ➔ **"အားအင်ချည့်နဲ့ခြင်း"** ဖြစ်သည်။

ပညာရပ်ဆိုင်ရာ ဝေါဟာရအရ ➔ اَلضَّعِيْفُ ဆိုသည်မှာ اَلْحَسَنُ ဟဒီးစ်တော်၏ စည်းကမ်းချက်များ မပြည့်စုံသော ဆင့်ပြန်ချက်ကို ခေါ်ဆိုပေသည်။

6 اَلْمَوْضُوْعُ

اَلْمَوْضُوْعُ ဆိုသည်မှာ➔ وَضَعَ မှ ဆင့်ပွားပြောင်းလဲလာသော اسم مفعول ဖြစ်သည်။ ၎င်း၏ အဓိပ္ပါယ်မှာ ➔ **"နှိမ့်ချခြင်း၊ နှိမ့်ကျခြင်း"** ဖြစ်သည်။

ပညာရပ်ဆိုင်ရာ ဝေါဟာရအရ ➔ اَلْمَوْضُوْعُ ဆိုသည်မှာ ကိုယ်တော်မြတ်(ﷺ)ဘက်သို့ ပတ်သက်ဆက်နွယ်၍ လုပ်ကြံလိမ်လည် လှိဆည်ထားသော ဟီဒီးဆ်အတုအယောင်ကို ခေါ်ဆိုသည်။

اَلْمُحْكَمُ
تَقْسِيْمُ الْخَبَرِ الْمَقْبُوْلِ إِلَى مَعْمُوْلٍ بِهِ وَغَيْرِ مَعْمُوْلٍ بِهِ
مُخْتَلِفُ الْحَدِيْثِ

❑ اَلْمُحْكَمُ

اَلْمُحْكَمُ ဆိုသည်မှာ ➲ "أَحْكَمَ" မှခွဲထွက်လာသော اسم مفعول ဖြစ်သည်။ ၎င်း၏အဓိပ္ပါယ်မှာ ➲ **"ခိုင်မာခြင်း"** ဖြစ်သည်။

اَلْمُحْكَمُ ၏ ပညာရပ်ဆိုင်ရာ ဝေါဟာရအရ ➲ တိကျခိုင်မာမှုဌ အဆင့်တူသည့် အခြားသော ဟဒီးစ်တော်တစ်ပုဒ်က ဆန့်ကျင်နေခြင်းမရှိသည့် ဟဒီးစ်တော်ကို ခေါ်ဆိုသည်။

❑ مُخْتَلِفُ الْحَدِيْثِ

مُخْتَلِفُ الْحَدِيْثِ ၏အလိုသဘောမှာ ➲ အဓိပ္ပါယ်အရ အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်နေသည့် ဟဒီးစ်တော်များ ဖြစ်သည်။

ပညာရပ်ဆိုင်ရာ ဝေါဟာရအရ ➲ مُخْتَلِفُ الْحَدِيْثِ ဆိုသည်မှာ တိကျခိုင်မာမှုဌ အဆင့်တူသော အခြားဟဒီးစ်တော်တစ်ပုဒ်၏ ဆန့်ကျင်ခြင်းခံရသည့် ဟဒီးစ်တော်ကို ခေါ်ဆိုသည်။ သို့သော် ယင်းဟဒီးစ်တော်နှစ်ပုဒ်ကြားရှိ ဆန့်ကျင်ဘက်ဖြစ်မှုသည် ညှိယူ၍ ရနိုင်သည့် ပုံစံဖြစ်ရပေမည်။

ဥပမာ

ဟဇရသ်အာအေရှာ(ﷺ)က "ကိုယ်တော်မြတ်(ﷺ)သည် မည်သို့သော အခါမျှ မတ်တတ်ရပ်၍ ကျင်ငယ်မစွန့်ခဲ့ပါ"ဟု ဆင့်ပြန်ခဲ့သည်။ ထို့နောက် ဟဇရသ်ဟိုဇိုက်ဖာဟ်(ﷺ)က ကိုယ်တော်မြတ်(ﷺ)သည် မျိုး

နွယ်စုတစ်စု၏ အမှိုက်ပုံအနီးသို့သွားကာ မတ်တတ်ရပ်၍ ကျင်ငယ်စွန့်ခဲ့သည်"ဟု ဆင့်ပြန်ထားသည်။

➲ ယင်းဟဒီးစ်တော်နှစ်ပုဒ်သည် အပေါ်ယံဆန့်ကျင်နေသော်လည်း ညှိယူ၍ ရနိုင်ပေသည်။

◉ ပထမဟဒီးစ်တော်အရ ကိုယ်တော်မြတ်(ﷺ)သည်အိမ်အတွင်း၌ မတ်တတ်ရပ်၍ ကျင်ငယ်မစွန့်ခဲ့ခြင်းကို ဆိုလိုသည်။

◉ ဒုတိယဟဒီးစ်တော်အရ ကိုယ်တော်မြတ်(ﷺ)သည် အပြင်၌ ရှိနေစဉ် အကြောင်းတစ်ခုခုကြောင့် မတ်တတ်ရပ်၌ ကျင်ငယ်စွန့်ခဲ့ခြင်းကို ဆိုလိုသည်။

အပေါ်ယံ အဓိပ္ပါယ်များအရ ဆန့်ကျင်ဘက်ဖြစ်နေသော ဟဒီးစ်တော်နှစ်ပုဒ်ကိုတွေ့ရှိပါက....

➲ ထိုဟဒီးစ်တော်နှစ်ပုဒ်၏ အပေါ်ယံ ဆန့်ကျင်ဘက်ဖြစ်မှုကို ပုံစံတစ်မျိုးမျိုးဖြင့် စုစည်း၍ရပါက ယင်းဟဒီးစ်တော်နှစ်ပုဒ်စလုံးကို အအ်မလ်ပြုရမည်။ ထိုသို့ စုစည်း၍ မရပါက.....

❶ ယင်းဟဒီးစ်တော်နှစ်ပုဒ်အနက် ဦးစွာကျရောက်သည့် ဟဒီးစ်တော်နှင့် နောက်ပိုင်းမှ ကျရောက်သည့်ဟဒီးစ်တော်ဟူ၍ ခွဲခြားနိုင်ပါက နောက်ပိုင်းကျရောက်သည့် ဟဒီးစ်တော်ကို نَاسِخٌ **(အမိန့်ပယ်ဖျက်သော)**ဟဒီးစ်အဖြစ် သတ်မှတ်ပြီး ယင်းဟဒီးစ်တော်အတိုင်းသာ ကျင့်

သုံးရမည်။ ထို့နောက် ဦးစွာကျရောက်သည့် ဟဒီးစ်တော်ကို مَنْسُوْخٌ အဖြစ်သတ်မှတ်ပြီး ယင်းအပေါ်ကျင့်သုံး၍မရတော့ပါ။ သို့မဟုတ်ပါက .....

❷ ဦးစားပေးခြင်းဆိုင်ရာ နည်းဥပဒေတစ်ခုခုကို အခြေခံ၍ ယင်းဟဒီးစ်တော်နှစ်ပုဒ်အနက် တစ်ပုဒ်ကို ဦးစားပေးဟဒီးစ်တော်အဖြစ်သတ်မှတ်၍ ကျင့်သုံးမည်။ သို့မဟုတ်ပါက.....

❸ ယင်းဟဒီးစ်တော်နှစ်ပုဒ်လုံးနှင့်ပတ်သက်၍ ကျင့်သုံး ခြင်းမပြုရပေ။ ထိုသို့သော ပုံစံမှာ အလွန်ပင် ရှားပါးလှပေသည်။

အခန်း(၅) ဆင့်ပြန်သည့် လမ်းကြောင်းများကို အခြေခံ၍ ဟဒီးစ်တော်၏ အမျိုးအစားများ

အခန်း(၅) ဆင့်ပြန်သည့် လမ်းကြောင်းများကို အခြေခံ၍ ဟဒီးစ်တော်၏ အမျိုးအစားများ

❶ الْمُتَوَاتِرُ

الْمُتَوَاتِرُ ဆိုသည်မှာ ➲ اَلتَّوَاتُرُ မှဆင့်ပွားပြောင်းလဲသော اسم فاعل ဖြစ်သည်။ اَلتَّوَاتُرُ ၏အဓိပ္ပါယ်မှာ ➲ **"စဉ်ဆက်မပျက်ဖြစ်ခြင်း"** ဟူ၍ဖြစ်သည်။

ပညာရပ်ဆိုင်ရာ ဝေါဟာရအရ ➲ الْمُتَوَاتِرُ ဆိုသည်မှာ စုပေါင်း၍ လိမ်လည်ပြောဆိုရန် မဖြစ်နိုင်သည့် အရေအတွက်ရှိသောသူတို့ ဆင့်ပြန်ထားသည့် ဟဒီးစ်ကို ခေါ်ဆိုသည်။

ရှင်းလင်းချက်။　　။ الْمُتَوَاتِرُ ဆိုသည်မှာ ခေတ်တိုင်းတွင် ဤသို့သော ဆင့်ပြန်သူအမြောက်အမြား ဆင့်ပြန်သည့် ဟဒီးစ်တော်ကိုခေါ်ဆိုပေသည်။ ၎င်းဆင့်ပြန်သူအားလုံးသည် တစ်ညီတစ်ညွတ်တည်းပေါင်း၍ လိမ်လည်ပါသည်ဟု ဦးနှောက်အရ လက်ခံရန်မဖြစ်နိုင်သည့် အရေအတွက်ဖြစ်သည်။

ဥပမာ

﴿ مَنْ كَذَبَ عَلَيَّ مُتَعَمِّدًا فَلْيَتَبَوَّأْ مَقْعَدَهُ مِنَ النَّارِ﴾ ဗိုခါရီကျမ်း- အတွဲ (၁) ဟဒီးစ်နံပါတ် (၂၀၂)

ဖော်ပြပါဟဒီးစ်တော်ကို ဆွဟဗဟ်ကြီးအပါးပေါင်း (၇၀)ကျော်က ဆင့်ပြန်ခဲ့သည်။ ထို့နောက် ခေတ်တိုင်းတွင် ယင်းဟဒီးစ်ကို ဖော်ပြပါအရေအတွက်ထက်များသော ဆင့်ပြန်သူများက ဆင့်ပြန်ခဲ့ကြသည်။

❸ اَلْمَشْهُوْرُ

اَلْمَشْهُوْرُ သည် ➲ شَهَرَ ဆိုသည့်မူရင်းပုဒ်မှ ဆင့်ပွားပြောင်းလဲလာသော اسم مفعول ဖြစ်သည်။ ၎င်း၏အဓိပ္ပါယ်မှာ ➲ **"ပေါ်လွင်ထင်ရှားအောင်ပြုခြင်း"** ဖြစ်သည်။

ပညာရပ်ဆိုင်ရာ ဝေါဟာရအရ ➲ اَلْمَشْهُوْرُ ဆိုသည်မှာ اَلتَّوَاتُرُ ၏ အတိုင်းအတာ မရောက်ရှိသည့်ပုံစံဖြင့် ခေတ်တိုင်းတွင် ဆင့်ပြန်သူအနည်းဆုံးသုံးဦး ဆင့်ပြန်ထားသည့် ဟဒီးစ်တော်ကို ခေါ်ဆိုပါသည်။

ဥပမာ

"إِنَّ اللهَ لَا يَقْبِضُ الْعِلْمَ اِنْتِزَاعًا يَنْتَزِعُهُ مِنْ صُدُوْرِ الْعُلَمَاءِ، وَلَكِنْ يَقْبِضُ الْعِلْمَ بِقَبْضِ الْعُلَمَاءِ، حَتَّى إِذَا لَمْ يَبْقَ عَالِمًا اِتَّخَذَ النَّاسُ رُؤُوْسًا جُهَّالًا، فَسُئِلُوْا فَأَفْتَوْا بِغَيْرِ عِلْمٍ،فَضَلُّوْا وَأَضَلُّوْا "

ဖော်ပြပါ ဟဒီးစ်တော်၏ စနဒ် (ကွင်းဆက်) ဇယား



❸ اَلْعَزِيْزُ

اَلْعَزِيْزُ သည် ➲ ﴿ عَزَّ – يَعِزُّ ﴾ မှဆင့်ပွားပြောင်းလဲလာသော اَلصِّفَةُ الْمُشَبَّهَةُ ဖြစ်သည်။ ၎င်း၏အဓိပ္ပါယ်မှာ ➲ **"နည်းပါးခြင်း၊ ရှားပါးခြင်း"** ဖြစ်သည်။

ပညာရပ်ဆိုင်ရာ ဝေါဟာရအရ ➲ اَلْعَزِيْزُ ဆိုသည်မှာ ခေတ်တိုင်းတွင် ရာဝီ အနည်းဆုံးနှစ်ဦး ဆင့်ပြန်ထားသည့် ဟဒီးစ်တော်ကို اَلْعَزِيْزُ ဟုခေါ်သည်။

ရှင်းလင်းချက်

ယင်းဟဒီးစ်ကို ဆင့်ပြန်လာသည့် ခေတ်တိုင်းတွင် ရာဝီသည် နှစ်ဦးစီသာ ရှိရန် အရေးမကြီးပေ။ စနဒ်(ကွင်းဆက်) အတွင်းရှိ ခေတ် တစ်ခုၦပင် ဆင့်ပြန်သူ နှစ်ဦးရှိ၍ အခြားသောခေတ်များတွင်မူ နှစ်ဦး ထက်ပိုနေပါကလည်း ယင်းဟဒီးစ်တော်သည် اَلْعَزِيْزُ သာဖြစ်မည်။ အ ဘယ့်ကြောင့်ဆိုသော် مُصْطَلَحُ الْحَدِيْثِ ပညာရပ်၌ အရေအတွက် အ နည်းကိုသာ စံထား၍သတ်မှတ်ရသည့်အတွက်ကြောင့် ဖြစ်သည်။

ဥပမာ

" لَا يُؤْمِنُ أَحَدُكُمْ حَتَّى أَكُوْنَ أَحَبَّ إِلَيْهِ مِنْ وَالِدِهِ، وَوَلَدِهِ، وَالنَّاسِ أَجْمَعِيْنَ" رواه البخاري في كتاب الإيمان —باب حب الرسول عن الإيمان– ١/

စနဒ်(ကွင်းဆက်) အတွင်းရှိ ခေတ်တိုင်းတွင် ဆင့်ပြန်ခဲ့ကြသူများ



4 اَلْغَرِيْبُ

اَلْغَرِيْبُ သည် اَلصِّفَةُ الْمُشَبَّهَةُ ဖြစ်သည်။ ၎င်း၏ အဓိပ္ပါယ်မှာ ➲ **"တစ်ဦးတစ်ယောက်၊ သူစိမ်း"** ဖြစ်သည်။

ပညာရပ်ဆိုင်ရာ ဝေါဟာရအရ ➲ اَلْغَرِيْبُ ဆိုသည်မှာ ကွင်းဆက်တစ်ခုခု၌ ဆင့်ပြန်သူတစ်ဦးတည်း ဆင့်ပြန်သည့် ဟဒီးစ်တော်ကို ခေါ်ဆိုသည်။ အချို့သော ပညာရှင်များက اَلْغَرِيْبُ ကို اَلْفَرْدُ ဟူ၍လည်းခေါ်ဆိုကြသည်။

ရှင်းလင်းချက်

စနဒ်《**ကွင်းဆက်**》အတွင်းရှိ ခေတ်တစ်ခု၌ပင် ဆင့်ပြန်သူတစ်ဦးတည်း တည်ရှိ၍ အခြားသော ခေတ်များတွင်မူ ဆင့်ပြန်သူ တစ်ဦးထက်များပါကလည်း ယင်းဟဒီးစ်သည် اَلْغَرِيْبُ သာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် مُصْطَلَحُ الْحَدِيْثِ ပညာရပ်၌ အရေအတွက်အနည်းကို အတည်ပြု သတ်မှတ်ရသည့်အတွက်ကြောင့်ဖြစ်သည်။

اَلْغَرِيْبُ ၏ အမျိုးအစားများ

ဆင့်ပြန်သူတစ်ဦးတည်းဖြစ်သည့်နေရာကို အခြေခံ၍ اَلْغَرِيْبُ၏ အမျိုးအစား《၂》မျိုးရှိပေသည်။

❶ {اَلْغَرِيْبُ الْمُطْلَقُ اَلْفَرْدُ الْمُطْلَقُ}

{اَلْفَرْدُ الْمُطْلَقُ اَلْغَرِيْبُ الْمُطْلَقُ} ဆိုသည်မှာ ➲ စနဒ်(ကွင်းဆက်)၏ အစ (ဆွဟာဗဟ်တည်ရှိသောဘက်)၌ ဆင့်ပြန်သူ တစ်ဦးတည်းရှိသော ဟဒီးစ်ကို ခေါ်ဆိုသည်။

ဥပမာ

"إِنَّمَا الْأَعْمَالُ بِالنِّيَّاتِ" ဟဒီးစ်တော်။ ၎င်းဟဒီးစ်ကို ကိုယ်တော်မြတ်(ﷺ) ထံပါးမှ ဟဇရသ် အိုမရ်(رضي الله عنه) တစ်ပါးတည်းကသာ ဆင့်ပြန်ထားပေသည်။

❷ {اَلْغَرِيْبُ النِّسْبِيُّ الْفَرْدُ النِّسْبِيُّ} ဆိုသည်မှာ ➲ စနဒ်(ကွင်းဆက်)၏ အလယ်၌ ဆင့်ပြန်သူတစ်ဦးသာရှိသော ဟဒီးစ်ကို ခေါ်ဆိုသည်။ ဆိုလိုသည်မှာ စနဒ်(ကွင်းဆက်)၏ အစ၌ ရာဝီအများအပြားက ဆင့်ပြန်ခဲ့ကြပြီး ၎င်းတို့ထံပါးမှ ပြန်လည်ဆင့်ပြန်သူသည် တစ်ဦးတည် ရှိခြင်းကို ဆိုလိုသည်။

ဥပမာ

حَدِيْثُ " مَالِكٍ، عَنِ الزُّهْرِيِّ، عَنْ أَنَسٍ رَضِيَ اللهُ عَنْهُ أَنَّ النَّبِيَّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ دَخَلَ مَكَّةَ وَعَلَى رَأْسِهِ الْمِغْفَرُ" رواه البخاري –كتاب المغازي– حديث ٤٢٨٦

ဖော်ပြပါ ဟဒီးစ်တော်ကို အေမာမ်ဇိုဟ်ရီ(ﷺ)ထံပါးမှ အေမာမ်မာလစ်က်တစ်ပါးတည်းကသာ ဆင့်ပြန်ထားပေသည်။

ထို اَلْغَرِيْبُ ဟဒီးစ်တော်ကိုဆင့်ပြန်သည့် ဆွဟာဗဟ်(ﷺ)ထံပါးမှပင် ယင်းဟဒီးစ်တော်နှင့် စကားလုံး၊ အဓိပ္ပါယ်အရပါ တူညီ၍ လာရှိသည့် အခြားသောဆင့်ပြန်ချက်ကို اَلْمُتَابِعُ ဟဒီးစ်တော်ဟု ခေါ်ဆိုသည်။ အကယ်၍ အခြားသော ဆင့်ပြန်ချက်သည် اَلْغَرِيْبُ ဆင့်ပြန်သည့် ဆွဟာဗဟ်ကြီးထံပါးမှ မဟုတ်ဘဲ ကျန်ဆွဟာဗဟ်တစ်ပါးပါးထံမှဖြစ်ပါမူ ယင်းဟဒီးစ်တော်ကို اَلشَّاهِدُ ဟဒီးစ်တော်ဟု ခေါ်ဆိုပေသည်။

ထို့နောက် တူညီမှုတွင် အဓိပ္ပာယ်နှင့် စကားအလုံးအရပါ တူညီပါက ၎င်းကို أُصُوْلُ الْحَدِيْثِ ပညာရပ်၌ "مِثْلَهُ" ဟူ၍ အသုံးပြုပြီး အဓိပ္ပာယ်သာ တူဆင်ပြီး စကားလုံးအရ မတူဆင်ပါမူ ၎င်းကို أُصُوْلُ الْحَدِيْثِ ပညာရပ်၌ "نَحْوَهُ" ဟူ၍ အသုံးပြုသည်။


اَلْغَرِيْبُ
النِّسْبِيُّ
اَلْغَرِيْبُ
الْمُطْلَقُ
اَلْغَرِيْبُ

အခန်း (၆) သိမှတ်ဖွယ်ရာ ကဏ္ဍ

- ဆွဟာဗဟ်(ﷺ)များအား သိရှိနားလည်ခြင်း။
- မဇ်ဟဗ်ရှင်များအား သိရှိနားလည်ခြင်း။
- ဟဒီးစ်ကျမ်းကြီး(၆)ကျမ်းနှင့် ကျမ်းရှင်များ မိတ်ဆက်။
- ဟဒီးစ်ကျမ်းဂန်ကြီးများ၏ အမျိုးအစားများ။

အခန်း (၆) သိမှတ်ဖွယ်ရာကဏ္ဍ

❑ ဆွဟာဗဟ်(ﷺ)များအား သိရှိနားလည်ခြင်း။

ကိုယ်တော်မြတ်(ﷺ)ကို အဓိမာန်သက်ဝင်ယုံကြည်လျက် မြင်တွေ့ဖူးပြီး အဓိမာန်နှင့်တကွ ကွယ်လွန်သေဆုံးသူကို اَلصَّحَابِيُّ ဟု ခေါ်သည်။

❍ ဆွဟာဗဟ်များအနက်မှ ဟဒီးစ်တော်အများဆုံး ဆင့်ပြန်သူမှာ ဟဇရသ် အဗူဟုရိုင်ရာဟ်(ﷺ)သခင်ဖြစ်သည်။ သခင်ကြီးသည် ဟဒီးစ်တော်ပေါင်း(၅၃၆၄)ပုဒ် ဆင့်ပြန်ထားသည်။

❍ ဟဒီးစ်ပညာရှင်များ၏ ဝေါဟာရအရ اَلْعَبَادِلَةُ ဆိုသည်မှာ-

- ❖ (ﷺ) سيدنا عبد الله بن عباس بن عبد المطلب
- ❖ (ﷺ) سيدنا عبد الله بن عمر بن الخطاب
- ❖ (ﷺ) سيدنا عبد الله بن زبير بن العوام
- ❖ (ﷺ) سيدنا عبد الله بن عمرو بن العاص

သာဗီအီးန်ဆိုသည်မှာ မွတ်စ်လင်မ်များအနက်မှ ဆွဟာဗဟ်(ﷺ)အား မြင်တွေ့ဖူးသူကို اَلتَّابِعِيُّ ဟုခေါ်သည်။

❑ **မန်ဟဗ်ရှင်များအား သိရှိနားလည်ခြင်း။**

1 اَلْإِمَامُ أَبُوْ حَنِيْفَةَ النُّعْمَانُ بْنُ ثَابِتٍ اَلْكُوْفِيُّ

❖ မွေးဖွားခုနှစ်= ဟစ်ဂျ်ရီ(၈၀)ခုနှစ်။ ကွယ်လွန်သည့် ခုနှစ်= ဟစ်ဂျ်ရီ(၁၅၀)ခုနှစ်။

❖ အေမာမ်ကြီးသည် "كِتَابُ الْآثَارِ" ကျမ်းကို ပြုစုခဲ့သည်။

2 اَلْإِمَامُ أَبُوْ عَبْدِ اللهِ مَالِكُ بْنُ أَنَسٍ اَلْأَصْبَحِيُّ إِمَامُ دَارِ الْهِجْرَةِ

❖ မွေးဖွားခုနှစ်= ဟစ်ဂျ်ရီ(၉၃)ခုနှစ်။ ကွယ်လွန်သည့် ခုနှစ်= ဟစ်ဂျ်ရီ(၁၇၉)ခုနှစ်။

❖ အေမာ်ကြီးသည် "اَلْمُوَطَّأُ" ကျမ်းကို ပြုစုခဲ့သည်။

3 اَلْإِمَامُ أَبُوْ عَبْدِ اللهِ مُحَمَّدُ بْنُ إِدْرِيْسَ الشَّافِعِيُّ

❖ မွေးဖွားခုနှစ်= ဟစ်ဂျ်ရီ(၁၅၀)ခုနှစ်။ ကွယ်လွန်သည့် ခုနှစ်= ဟစ်ဂျ်ရီ (၂၀၄) ခုနှစ်။

❖ အေမာ်ကြီးသည် "كِتَابُ الْأُمِّ" ကျမ်းကို ပြုစုခဲ့သည်။

4 اَلْإِمَامُ أَبُوْ عَبْدِ اللهِ أَحْمَدُ بْنُ مُحَمَّدِ بْنِ حَنْبَلٍ اَلشَّيْبَانِيُّ

❖ မွေးဖွားခုနှစ်= ဟစ်ဂျ်ရီ (၁၆၄)ခုနှစ်။ ကွယ်လွန်သည့် ခုနှစ်= ဟစ်ဂျ်ရီ (၂၄၁)ခုနှစ်။

❖ အေမာ်ကြီးသည် "مُسْنَدُ أَحْمَدَ" ကျမ်းကို ပြုစုခဲ့သည်။

❑ ဟဒီးစ်ကျမ်းကြီး(၆)ကျမ်းနှင့် ကျမ်းရှင်များ မိတ်ဆက်။

1 "اَلْجَامِعُ الْمُسْنَدُ الصَّحِيْحُ الْمُخْتَصَرُ مِنْ أُمُوْرِ رَسُوْلِ اللهِ وَسُنَنِهِ وَأَيَّامِهِ اَلْمَعْرُوْفُ بِصَحِيْحِ الْبُخَارِيْ"

❖ ယင်းကျမ်းရှင်မှာ "أَمِيْرُ الْمُؤْمِنِيْنَ فِيْ الْحَدِيْثِ اَلْإِمَامُ أَبُوْ عَبْدِ اللهِ مُحَمَّدُ بْنُ إِسْمَاعِيْلَ بْنِ إِبْرَاهِيْمَ بْنِ الْمُغِيْرَةِ بْنِ بَرْدَزْبَهَ الْجُعْفِيُّ الْبُخَارِيُّ" ဖြစ်သည်။

❖ မွေးဖွားခုနှစ်= ဟစ်ဂျ်ရီ(၁၉၄)ခုနှစ်။ ကွယ်လွန်သည့် ခုနှစ်= ဟစ်ဂျ်ရီ(၂၅၆)ခုနှစ်။

2 صَحِيْحُ مُسْلِمٍ

❖ ယင်းကျမ်းရှင်မှာ "اَلْإِمَامُ الْحَافِظُ الْحُجَّةُ أَبُوْ الْحُسَيْنِ مُسْلِمُ بْنُ الْحَجَّاجِ الْقُشَيْرِيُّ النَّيْسَابُوْرِيُّ" ဖြစ်သည်။

❖ မွေးဖွားခုနှစ်= ဟစ်ဂျ်ရီ(၂၀၄)ခုနှစ်။ ကွယ်လွန်သည့် ခုနှစ်= ဟစ်ဂျ်ရီ(၂၆၁)ခုနှစ်။

3 سُنَنُ أَبِيْ دَاوُدَ

❖ ယင်းကျမ်းရှင်သည် "اَلْإِمَامُ الْحَافِظُ أَبُوْ دَاوُدَ سُلَيْمَانُ بْنُ الْأَشْعَثِ السِّجِسْتَانِيُّ" ဖြစ်သည်။

❖ မွေးဖွားခုနှစ်= ဟစ်ဂျ်ရီ(٢٠٢)ခုနှစ်။ ကွယ်လွန်သည့် ခုနှစ်= ဟစ်ဂျ်ရီ(٢٧٥) ခုနှစ်။

4 سُنَنُ التِّرْمِذِيِّ

❖ ယင်းကျမ်းမှာ "اَلْإِمَامُ الْحَافِظُ أَبُوْ عِيْسَى مُحَمَّدُ بْنُ عِيْسَى بْنِ سَوْرَةَ السُّلَمِيُّ التِّرْمِذِيُّ" ဖြစ်သည်။

❖ မွေးဖွားခုနှစ်= ဟစ်ဂျ်ရီ(٢٠٩)ခုနှစ်။ ကွယ်လွန်သည့် ခုနှစ်= ဟစ်ဂျ်ရီ(٢٧٩)ခုနှစ်။

5 اَلْمُجْتَبَى لِلنَّسَائِيِّ اَلْمَعْرُوْفُ لِسُنَنِ النَّسَائِيِّ

❖ ယင်းကျမ်းသည် "اَلْإِمَامُ الْحَافِظُ أَبُوْ عَبْدِ الرَّحْمَنِ أَحْمَدُ بْنُ شُعَيْبِ بْنِ عَلِيٍّ اَلْخُرَاسَانِيُّ النَّسَائِيُّ" ဖြစ်သည်။

❖ မွေးဖွားခုနှစ်= ဟစ်ဂျ်ရီ(၂၁၅)ခုနှစ်။ ကွယ်လွန်သည့် ခုနှစ်= ဟစ်ဂျ်ရီ(၃၀၃)ခုနှစ်။

6 سُنَنُ ابْنِ مَاجَةَ

❖ ယင်းကျမ်းရှင်မှာ "اَلْإِمَامُ الْحَافِظُ أَبُوْ عَبْدِ اللهِ مُحَمَّدُ بْنُ يَزِيْدَ بْنِ مَاجَهَ الْقَزْوِيْنِيُّ" ဖြစ်သည်။

❖ မွေးဖွားခုနှစ်= ဟစ်ဂျ်ရီ(၂၀၉)ခုနှစ်။ ကွယ်လွန်သည့် ခုနှစ်= ဟစ်ဂျ်ရီ(၂၇၃)ခုနှစ်။

❍ အေမာမ်ဗိုခါရီနှင့် အေမာမ်မွတ်စ်လင်မ်နှစ်ပါးစလုံး ဆင့်ပြန်သည့် ဆင့်ပြန်ချက်ကို "مُتَّفَقٌ عَلَيْهِ"ဟုခေါ်ပြီး ယင်းကျမ်းနှစ်ကျမ်းကို اَلصَّحِيْحَانِ ဟုခေါ်သည်။ ထိုနောက် ကျန်ဟဒီးစ်ကျမ်းကြီး(၄)ကျမ်းကို اَلسُّنَنُ الْأَرْبَعَةُ ဟူ၍ ခေါ်သည်။

❑ ဟဒီးစ်ကျမ်းဂန်ကြီးများ၏ အမျိုးအစားများ။

اَلْجَامِعُ

❶ اَلْجَامِعُ ဆိုသည်မှာ اَلْعَقَائِدُ (ယုံကြည်ချက်ကဏ္ဍ)၊ اَلْأَحْكَامُ (အမိန့်ပညတ်ချက်ကဏ္ဍ) ၊ اَلرِّقَاقُ (နှလုံးနူးညံ့ခြင်းဆိုင်ရာကဏ္ဍ) ၊ اَلْآدَابُ (ရိုသေသမှုဆိုင်ရာကဏ္ဍ)၊ اَلتَّفْسِيْرُ (ကုရ်အာန်ကျမ်းတော်မြတ်အား အကျယ်ဖွင့်ခြင်းကဏ္ဍ)၊ اَلتَّارِيْخُ (သမိုင်းကဏ္ဍ)၊ اَلسِّيَرُ (အထူးပုဂ္ဂိုလ်ကဏ္ဍ)၊ اَلْفِتَنُ (ကေမာမသ်နီးသည့်အခါ ဖြစ်ပျက်မည့် ဒုက္ခအခက်အခဲများကဏ္ဍ)၊ اَلْمَنَاقِبُ (ဆွဟာကြီးများ၏ ထွတ်မြတ်မှု အကြောင်းရာများကဏ္ဍ) တို့ပါဝင်သည့်ကျမ်းကို ခေါ်ဆိုသည်။ ဥပမာ- جَامِعُ التِّرْمِذِيِّ

اَلْمُسْنَدُ

اَلْمُسْنَدُ ဆိုသည်မှာ ➲ အရဗီဗျည်းအက္ခရာများ၏ အစဉ်အလိုက်အသော်လည်းကောင်း၊ အစ္စလာမ်ကို ဦးစွာလက်ခံခြင်း၏ အစဉ်အလိုက်

သော်လည်းကောင်း အခြေခံ၍ ဆွဟာဗဟ်တစ်ပါးချင်းစီ၏ ဆင့်ပြန်ချက်များအား တစ်နေရာတည်းတွင် တစ်စုတည်းဖော်ပြသည့် ကျမ်းကို ခေါ်ဆိုသည်။

ဥပမာ- مُسْنَدُ أَحْمَدَ



اَلْمُعْجَمُ ဆိုသည်မှာ ➲ ဆည်းပူခဲ့သော ဆရာသခင်ကြီးများ၏ နာမည်များကို အရဗီဗျည်းဇကွရာအလိုက်စဉ်ကာ ယင်းတို့၏ ဆင့်ပြန်ချက်များအား ကဏ္ဍခွဲ၍ ဖော်ပြထားသည့် ကျမ်းကို ခေါ်ဆိုသည်။

ဥပမာ- اَلْمُعْجَمُ الْكَبِيْرُ، اَلْمُعْجَمُ الصَّغِيْرُ، اَلْمُعْجَمُ الْأَوْسَطُ لِلطَّبْرَانِيِّ



اَلسُّنَنُ ဆိုသည်မှာ ➲ ဖေကာဟ်ကျမ်းဂန်ကြီးများ၏ ကဏ္ဍအစဉ်အလိုက် ဟဒီးစ်တော်များကို ဖော်ပြသည့်ကျမ်းအား ခေါ်ဆိုပါသည်။

ဥပမာ- سُنَنُ أَبِيْ دَاوُدَ



اَلْمُسْتَخْرَجُ ဆိုသည်မှာ ➲ ဟဒီးစ်ကျမ်းဂန်တစ်ခု၏ ဆင့်ပြန်ချက်များကို မူရင်းကျမ်းရှင်၏ စနဒ်များမဖော်ပြဘဲ မိမိကိုယ်ပိုင် စနဒ်ဖြင့် ဆင့်ပြန်ထားသည့်ကျမ်းအား ခေါ်ဆိုပါသည်။ ဥပမာ- مُسْتَخْرَجُ أَبِيْ نُعَيْمٍ

اَلْمُسْتَدْرَكُ ဆိုသည်မှာ ➲ ဟဒီးစ်ကျမ်းရှင်တစ်ပါးက မိမိစည်းကမ်းချက်နှင့် ကိုက်ညီပါလျှက် ၎င်း၏ ကျမ်းဂန်တွင် ဖော်ပြထားခြင်းမရှိသော ဆင့်ပြန်ချက်များအား စုစည်းဖော်ပြထားသော ကျမ်းဂန်ကို ခေါ်ဆိုပါသည်။ ဥပမာ- مُسْتَدْرَكُ الْحَاكِمِ



اَلْجُزْءُ ဆိုသည်မှာ ➲ ပုဂ္ဂိုလ်တစ်ဦး (သို့) ကဏ္ဍတစ်ခုနှင့် သက်ဆိုင်သည့် ဆင့်ပြန်ချက်များကို တစ်စုတစ်စည်းတည်း ဖော်ပြထားသည့် ကျမ်းအား ခေါ်ဆိုပါသည်။ ဥပမာ- جُزْءُ رَفْعِ الْيَدَيْنِ فِيْ الصَّلَاةِ لِلْبُخَارِيِّ

اَلْمُصَنَّفُ

اَلْمُصَنَّفُ ဆိုသည်မှာ ➔ اَلْمَرْفُوْعُ، اَلْمَوْقُوْفُ، اَلْمَقْطُوْعُ ဟဒီးစ်တော်များ၊ ဆွဟာဗဟ်ကြီးများနှင့် သာဗိအီးန်ကြီးတို့၏ ဖသဝါများ၊ ယူဆချက်များ စသည်တို့ကို ဖော်ပြထားသည့် ကျမ်းအား ခေါ်ဆိုပါသည်။

ဥပမာ- مُصَنَّفُ ابْنِ أَبِيْ شَيْبَةَ، مُصَنَّفُ عَبْدِ الرَّزَّاقِ

အခန်း(၇) ဆင့်ပြန်ခြင်းဆိုင်ရာ ကျင့်ဝတ်များနှင့် မြန်မာ့မြေမှ ဟဒီးစ်ပညာရှင်ကြီးများ

1. • မုဟဒ္ဒစ်တစ်ဦးအတွက် အရေးကြီးသော ကျင့်ဝတ်များ။
2. • ဟဒီးစ်လေ့လာသောသူအတွက် အရေးကြီးသောကျင့်ဝတ်များ။
3. • မြန်မာ့မြေမှ ဟဒီးဆ်ပညာရှင်များ။

အခန်း(၇) ဆင့်ပြန်ခြင်းဆိုင်ရာ ကျင့်ဝတ်များနှင့် မြန်မာ့မြေမှ ဟဒီးစ်ပညာရှင်ကြီးများ

1 • မုဟဒ္ဒစ်တစ်ဦးအတွက် အရေးကြီးသော ကျင့်ဝတ်များ။

မုဟဒ္ဒစ်တစ်ဦးသည် အောက်ဖော်ပြပါ ကျင့်ဝတ်များဖြင့် ကိုက်ညီရမည်။

❶ နိယသ်ကို မှန်ကန်စွာထား၍ လောကရမ္မက်များမှ ကင်းစင်ရမည်။

❷ အလ္လာဟ်အရှင်မြတ်ထံပါးမှ အကျိုးစဝါးဗ်မျှော်ကိုး၍ ဟဒီးစ်တော်များ ပို့ချခြင်းသည်သာ အဓိက ရည်မှန်းချက်ဖြစ်ရမည်။

❸ ဟဒီးစ်ဆင့်ပြန်ရာ၌ ထိုင်ဝိုင်းတွင် မိမိထက် အသက်အရွယ်အရ သော်လည်းကောင်း၊ အသိပညာအရ သော်လည်းကောင်း ကြီးမြတ်သူကို ဦးစားမပေးဘဲ ၎င်း၏ ရှေ့၌ပင် ဆင့်ပြန်ခြင်းမပြုရ။

❹ တစ်ဦးတစ်ယောက်က ဟဒီးစ်တော်တစ်ပုဒ်ပုဒ်နှင့်ပတ်သက်၍ လာရောက်မေးမြန်းပါမူ ယင်းဟဒီးစ်တော်ကို မိမိမသိပါက သိသူထံသို့ ညွှန်ပြပေးရမည်။

❺ တစ်ဦးတစ်ယောက်သည် နိယသ်မှန်မှ မရှိဟု ယူဆကာ ယင်းပုဂ္ဂိုလ်ကို ဟဒီးစ်တော်မပို့ချခြင်း မပြုရ။

❻ မိမိသည် ဟဒီးစ်တော်များကို ပြန်လည်ပို့ချနိုင်စွမ်းရှိပြီဟု ယုံကြည်ရပါက ဟဒီးစ်တော်များကို စတင်ပို့ချရမည်။

2

- **ဟဒီးစ်လေ့လာသောသူအတွက် အရေးကြီးသောကျင့်ဝတ်များ။**

❶ သန့်ရှင်းသန့်ပြန့်မှုရယူ၍ အမွှေးနံ့သာ သုပ်လိမ်းကာ မိမိ၏ ဆံကေသာ၊ မုတ်ဆိတ်တို့ကို ဖီးရမည်။

❷ ဟဒီးစ်တော်အား ဂုဏ်ပေးသည်အနေဖြင့် တည်ကြည်စွာ ထိုင်ရမည်။

❸ ထိုင်ဝိုင်းကို အလွှာဟ်အရှင်းအား ချီးမွမ်ထောမနာပြုခြင်း၊ ကိုယ်တော်မြတ်ပေါ် ဆွလဝသ်၊ စလာမ်ပို့သခြင်း၊ ထိုင်ဝိုင်းနှင့် သင့်လျော်သည့် ဒိုအာတောင်းခြင်းဖြင့် အစပြုရမည်။

❹ ထိုင်ဝိုင်းသူ ထိုင်ဝိုင်းသားများ နားမလည်နိုင်သည့် ကိစ္စရပ်များကို ပြောဆိုခြင်းမှ အထူးရှောင်ကျဉ်ရမည်။

❺ ထိုင်ဝိုင်းသူ ထိုင်ဝိုင်းသားများ မငြီးငွေ့စေရန် စိတ်ဝင်စားဖယ်ရာ အကြောင်းအရာများ ပြော၍ ထိုင်ဝိုင်းကို အဆုံးသတ်ရမည်။

ဤကဏ္ဍနှင့်ပတ်သက်၍ နာမည်ကျော်ကျမ်းဂန်ကြီးများ

- اَلْجَامِعُ لِأَخْلَاقِ الرَّاوِيْ وَآدَابِ السَّامِعِ لِلْخَطِيْبِ الْبَغْدَادِيِّ
- جَامِعُ بَيَانِ الْعِلْمِ وَفَضْلُهُ وَمَا يَنْبَغِيْ فِيْ رِوَايَتِهِ وَحَمْلِهِ لِابْنِ عَبْدِ الْبَرِّ

ဟဒီးစ်တော်သင်ယူဆည်းပူးသူအတွက် ကျင့်ဆောင်ရမည့် ကျင့်ဝတ် များ

- ဟဒီးစ်တော်ကို နားလည်းသဘောပေါက်စွာ ကျက်မှတ်ထိန်းသိမ်းနိုင်စွမ်းအား အလွှာဟ်အရှင့်ထံတော်ပါးမှ တောင်းခံရမည်။
- ဟဒီးစ်တော်သင်ယူဆည်းပူးခြင်း၌သာ မိမိအာရုံကို အပြည့်အဝထားရှိရမည်။
- ဆရာသခင်များနှင့် မိမိတပည့်များကိုလည်း ဂုဏ်ပေးလေးစားစွာဆက်ဆံရမည်။
- မိမိနောင်တော်များကိုလည်း ပညာရှာဖွေခြင်း၏ အကျိုးကျေးဇူးများကို လမ်းညွှန်ပေးရမည်။
- ရှက်ခြင်း၊ အသက်အရွယ်ကြီးခြင်းတို့က မိမိထက် အသက်အရသော်လည်းကောင်း၊ ဂုဏ်အရသောလည်းကောင်း နိမ့်ပါးသူထံမှ ပညာသင်ယူဆည်းပူးခြင်းကို အဟန့်အတားမဖြစ်စေရ။

❖ ဟဒီးစ်တော်ကို နားလည်းသဘောပေါက်မှုမရှိဘဲ ကြားနာခြင်း၊ ရေးသားမှတ်တမ်းတင်ခြင်းအပေါ်တွင်သာ တင်းတိမ်မှုမပြုရ။

❖ ဟဒီးစ်တော်များကို သင်ယူဆည်ပူးရာတွင် ကဏ္ဍအလိုက်အောက်ပါ အတိုင်းသင်ယူဆည်းပူသင့်သည်။

➢ ဟဒီးစ်တော်များကို နားလည်းသဘောပေါက်ကာ ကြားနာသင်ယူရာ၌ اَلصَّحِيْحَانِ، سُنَنُ أَبِيْ دَاوُدَ، اَلتِّرْمِذْيُّ، اَلنَّسَائِيُّ، اَلسُّنَنُ الْكُبْرٰى لِلْبَيْهَقِيِّ အစရှိသည်တို့ကို အစဉ်လိုက် သင်ယူဆည်းပူးရမည်။

➢ ထို့နောက် مَسَانِيْدُ များမှ مُسْنَدُ أَحْمَدَ، مُوْطَّأُ مَالِكٍ တို့ကိုသင်ယူဆည်းပူးရမည်။

➢ اَلْعِلَلُ ကျမ်းဂန်များအနက်မှ عِلَلُ الدَّارُقُطْنِيِّ ကိုလည်းကောင်း၊ أَسْمَاءُ الرِّجَالِ ကျမ်းဂန်များအနက်မှ اَلتَّارِيْخُ الْكَبِيْرُ لِلْبُخَارِيِّ، اَلْجَرْحُ وَالتَّعْدِيْلُ لِاِبْنِ أَبِيْ حَاتِمٍ ကို လည်းကောင်း၊ ဆင့်ပြန်သူတို့အမည်နာမများနှင့်ပတ်သက်သည့် ကျမ်းဂန်များအနက်မှ كِتَابُ ابْنِ مَاكُوْلَا ကို လည်းကောင်း၊ غَرِيْبُ الْحَدِيْثِ اَلنِّهَايَةُ لِاِبْنِ الْأَثِيْرِ ကိုလည်းကောင်း အဆင့်ဆင့်လေ့လာရမည်။

3 • မြန်မာ့မြေမှ ဟဒီးစ်ပညာရှင်များ။

1 • ဟဇရသ် အလ်ဟာဂ်ျမော်လာနာ မွဖ်သီကာရီ မိုဟမ္မဒ်ယူစွဖ် (အဆ် အဒီ) (ရဟိမဟုလ္လာဟ်)

ဆရာကြီး၏ အမည်မှာ ယူစွဖ်ဖြစ်ပြီး ဖခင်၏အမည်မှာ ရှိက်ခ် အဇီမွလ်လွာဟ်ဖြစ်သည်။ (၁၉၄၀) ခုနှစ်တွင် ရန်ကုန်မြို့၌ဖွားမြင်ခဲ့ပြီး မွေးချင်းမောင်နှမ (၁၀) ယောက်အနက် ဒုတိယမြောက်ဖြစ်သည်။

ဆရာကြီးသည် အသက်(၅)နှစ်အရွယ်တွင်တာမွေမြို့နယ် အခြေခံကျောင်းတွင် ခေတ်ပညာကို မူလတန်းထိ သင်ယူဆည်းပူးခဲ့ပါသည်။ ဘာသာရေးအခြေခံ ပညာကို မိခင်ကြီးထံတွင်သော်လည်းကောင်း ဟဇရသ်အမိရ်ဆပ်ကြီးနှင့် မာစတာအလီအဟ်မဒ်ဆွာဟိဗ် တို့ထံတွင်လည်းကောင်း သင်ယူဆည်းပူးခဲ့ပြီး တာမွေဒါရူလ်အူလူးမ်ကျောင်းကြီး၌ ရှရဟ်ဂျာမီ အတန်းထိ သင်ယူဆည်းပူးခဲ့ပါသည်။ ထို့နောက် ဆရာကြီးသည် အိန္ဒိယနိုင်ငံ စဟာရန်ပူးရ် မြို့ရှိမဇာဟေ့ရ်အိုလူးမ်ကျောင်း၌ ပညာသင်ယူဆည်းပူးရန် (၁၉၅၇) ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည်။ အိန္ဒိယနိုင်ငံတွင် လေးနှစ်တာသာသနာ့

ပညာများကိုသင်ယူဆည်းပူးခဲ့ပြီးနောက် မိသားစုမှ ဆရာကြီးကို ပြန်လည်ခေါ်ယူခဲ့သောကြောင့် (၁၉၆၁)ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

ဆရာကြီးသည် မြန်မာနိုင်ငံကို စတင်ရောက်ရှိစဉ်မှာပင် ဒါရူလ်အူလူးမ်(တာမွေ)ကျောင်း၌ ဆရာအဖြစ် ခန့်အပ်ခံရပြီး ပညာသင်ကြားပို့ချခွင့်ရခဲ့ပါသည်။ သို့ဖြစ်ပေရာ ဆရာကြီးသည် ဤကျောင်းတော်ကြီး၌ (၁၉၇၈)ခုနှစ်ထိ ပညာသင်ကြားပေးခဲ့သည်။ (၁၉၇၉) ခုနှစ်တွင် အဆ်အဒီယာဟ်ကျောင်းတော်ကြီးကို စတင်၍ ထူထောင်ခဲ့ပါသည်။ ဆရာကြီးသည် ကျောင်းတော်ကြီးအပေါ် အချိန်အပြည့်အဝပေးပြီး ကျောင်းတော်ကြီး တိုးတက်ရေးအတွက် အတိုင်းအဆမရှိ ကြိုးပမ်းခဲ့ပါသည်။ ထို့ပြင် ဆရာကြီးသည် အွမ္မသ်ထုတစ်ရပ်လုံး အကျိုးဖြစ်ထွန်းစေရန်အလို့ငှာ ဘာသာပြန်စာအုပ်များကိုလည်း ရေးသားပြုစု၍ ဖြန့်ချိပေးခဲ့သည်။ ယနေ့ထိ ဆရာကြီး ဘာသာပြန်ရေးသားပြုစုခဲ့သောကျမ်းစာအုပ်များမှာ (၂၀၀) ကျော်ခန့်ပင်ရှိလေသည်။ ယင်းတို့အနက် အချို့ကျမ်းဂန်များမှာ -

1. ကုရ်အာန်ကျမ်းမြတ် ပါရာဟ်(၃၀) အုရ်ဒူမြန်မာဘာသာပြန်၊
2. မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန်ကျမ်း၊
3. ဘိုခါရီကျမ်း မြန်မာဘာသာပြန်၊
4. ရှမာလေလေသိရ်မိဇီ မြန်မာဘာသာပြန်ကျမ်း၊

❺ လိုဂါသွလ်ကုရ်အာန်ကျမ်း၊

❻ မဆာအ့ေလ့ဇကားသ်ကျမ်း၊

❼ သမုဒ္ဒရာအောက်မှ ပုလဲလုံးလေးများ၊

❽ အိခ်သေလာဖွလ်အအင်မ်မာဟ် မြန်မာဘာသာပြန်ကျမ်း စသည်တို့ ဖြစ်ပါသည်။

ဆရာကြီးသည် ဟစ်ဂျ်ရီ ၁၄၄၂- ဇုလ်ဟိဂ်ျဂျဟ်-၁၄၉၆က်၊ ၂၀၂၁ ခု ဇူလိုင်လ ၂၅ ရက်၊ တနင်္ဂနွေနေ့ နံနက်မိုးသောက်ယံချိန်တွင် အလ္လာဟ်အရှင့် ကရုဏာတော်ခံယူ၍ ကွယ်လွန်ခဲ့သည်။ အလ္လာဟ်အရှင် ဆရာကြီးကို ဂျန္နသ်သွလ်ဖိရ်ဒေါက်စ်တွင် အဆင့်အတန်းမြင့်မြင့် ပေးသနားတော်မူပါစေ။

2 • "သလ်ခီးဆွလ်ဗိုခါရီကျမ်းရှင်" ဟဇရသ်မော်လာနာမွတ်ဖ်သီ ရှမ်စွတ်ဒိုဟာ(မဇ္ဇာဟီရီ)

ဆရာကြီး၏အမည်မှာ ရှမ်စွတ်ဒိုဟာ(ခ)ဦးဘသိန်း ဖြစ်သည်။ ဆရာကြီးကို ဟစ်ဂျ်ရီ(၁၃၄၈)ခုနှစ်၊ ရောက်ဝါလ်(၂)ရက်၊ ခရစ်နှစ် (၁၉၃၀)ခုနှစ်၊ မတ်လ(၁၄)ရက်နေ့တွင် မြန်မာနိုင်ငံ၊ ရခိုင်ပြည် နယ်၊ ကျောက်တော်ဒေသတွင် ဖခင်ကြီးဟဇရသ်မော်လာနာဗဒီအွရ် ရဟ်မာန်(ကာစေမီ)နှင့် မိခင်မွန်ကြီး ဟဇရသ်နူရေအိုင်း(နှ်)တို့မှ မွေးဖွား

သန့်စင်တော်မူခဲ့သည်။ ဆရာကြီး၏ဖခင်ဘက်မျိုးရိုးမှာ ရှမ်စွတ်ဒိဟာ(အဘ) မော်လာနာ ဗဒီအွတ်ရဟ်မာန်(အဘ) မော်လာနာအဗ်ဒွလ်ဗာရီ (အဘ) မော်လာနာ အဗ်ဒွရ်ရဟ်မာန် (အဘ) မော်လာနာနာဗီးက် (အဘ) မော်လာနာရှားဟ်မုဟမ္မဒ်အစ္စဟားက် (အဘ) စိုက်ယစ်ဒ်ရှားဟ်အလာဝလ် ဖြစ်သည်။ ဆရာကြီး၏ ဖခင်မော်လာနာဗဒီအွတ်ရဟ်မာန်ကို အိန္ဒိယနိုင်ငံမှ ပညာရှင်များနှင့် သူတော်စင်များက (စိုက်ယစ်ဒ်ဗရ်မာ) မြန်မာပြည်၏ ခေါင်းဆောင်ကြီးဟု ဂုဏ်ပြုခေါ်ဆိုကြသည်။

ဆရာကြီးသည် အခြေခံပညာရပ်များကို မိမိ၏ရပ်ရွာတွင် သင်ယူဆည်းပူးခဲ့ပြီး အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ယူရန် အတွက် ခရစ်နှစ်(၁၉၅၂)ခုနှစ်၊ ဂျူလိုင်လ(၂)ရက်နေ့တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ရှိ ကျော်ကြားလှသော ဒါရုလ်အူလူးမ်(တာမွေ) တက္ကသိုလ်ကြီးတွင် ခရစ်နှစ်(၁၉၅၂)ခုနှစ်မှ (၁၉၅၆)ခုနှစ်အထိ လေးနှစ်တိုင်တိုင် ရုရာဟ်ဂျာမီ၊ ကွန်ဒ်ဒကာအိဒ်၊ အူစူးလေရှာရှီကျမ်း၊ ဟေဒါယဟ်ကျမ်း၊ မကာမားသ်ကျမ်း၊ ကူသွ်ဗီ၊ စလ်မူလ်အူလူးမ် မိရ်ကားသ်ကျမ်းနှင့် ဂျလာလိုင်နှ်ကျမ်းများကို သင်ယူဆည်းပူးခဲ့ပြီး ဒေါင်ရာဟ်ဟဒီးဆ်တန်းကိုပါ ဆုံးခန်းတိုင် ဆည်းပူးအောင်မြင်ခဲ့ပါသည်။ ဆရာကြီးသည် ဒါရုလ်အူလူးမ်(တာမွေ)တွင် ဘွဲ့ယူအောင်မြင်ပြီးနောက် ပညာချစ်စိတ် မမြိုသိပ်နိုင်ဘဲ အိန္ဒိယနိုင်ငံ၊ စဟာရန်ပူရ်မြို့ရှိ မဇ္ဈာဟိ

ရွလ်အူလူးမ်ကျောင်းတော်ကြီးတွင် ခရစ်နှစ်(၁၉၅၆)ခုနှစ်၌ ဟဒီးဆ်ကျမ်းများကို ထပ်မံသင်ယူဆည်းပူးခဲ့ပါသည်။ ဆရာကြီးသည် မဇ္ဈာဟီရွလ်အူလူးမ်ကျောင်းတော်ကြီး၌ ရှိနေစဉ် အချိန်ရလျှင် ရသလို ဗိုခါရီကျမ်းကို (ရှိုင်ခွလ်အာရဗ်ဝလ်အဂျမ်)ဟဇရသ် မော်လာနာဟူစိုင်နအဟ်မဒ်(မဒနီ)ဆွာဟိဗ်ထံ၌ သင်ယူခဲ့သည်။ ဆရာကြီးအား ဟဇရသ်မဒနီ သခင်ကြီးမှ သီးသန့်စနဒ်နှင့် ဟဒီးဆ်ပြန်လည် ဆင့်ပြန်ပို့ချခွင့်ကိုလည်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆရာကြီးသည် မဇ္ဈာဟီရွလ်အူလူးမ်(စဟာရန်ပူရ်)မှ ပညာရပ်မျိုးစုံကို အောင်မြင်စွာ သင်ယူပြီးမြောက်ပြီးနောက် အမိမြန်မာပြည်သို့ ပြန်လာကာ မိမိ၏မိခင်ကျောင်းတော်ကြီးဖြစ်သည့် (ဒါရွလ်အူလူးမ်-တာမွေ)၌ ဆရာတော်ကြီးများ၏ အရိပ်အာဝါသအောက်တွင် “ဆရာကောင်းတပည့် ပန်းကောင်းပန်”အဖြစ် ပညာသင်ကြားပေးသည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ ခရစ်နှစ်(၁၉၆၁)ခုနှစ်နောက်ပိုင်းတွင် မိမိဆရာသခင်ကြီးများ၏ အကြံပြုညွှန်ကြားချက်အရ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်ရှိ (ဆူဖီယဟ်-အစ္စလာမ်သာသနာ့တက္ကသိုလ်)တွင် ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရလေသည်။ ထိုအချိန်တွင်(ဆူဖီယဟ်-အစ္စလာမ် သာသနာတက္ကသိုလ်)ကြီးတွင် အခြေခံပညာရေးမှစ၍ ကူဒူရီအတန်းအထိ ရှိခဲ့လေသည်။ ဆရာကြီး၏ အထူးအပင်ပန်းခံကြိုးစားမှုကြောင့် ခရစ်နှစ်(၁၉၇၀)ခုနှစ်တွင်

﴿ဆူဖီယဟ်-အစ္စလာမ်သာသနာ့တက္ကသိုလ်﴾ကြီးတွင် ဒေါင်ရာဟ်ဟာဒီးစ်အတန်းကို ဖွင့်လှစ်နိုင်ခဲ့သည်။ ခရစ်နှစ်﴿၁၉၇၁﴾ခုနှစ်မှ စ၍ ကျောင်းတော်ကြီးမှ ထောင်ပေါင်း များစွာသော(အာလင်မ်)သာသနာ့ပညာရှင်များ၊ ဟာဖိဇ်များကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခုအချိန်အထိလည်း ကျောင်းတော်ကြီးမှ မွေးထုတ်ပေးခဲ့သော သာသနာ့ပညာရှင်များသည် ပြည်တွင်းတွင်မက ပြည်ပမှာပါ ရောက်ရာအရပ် ကျရာနေရာအုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ဆရာကြီးသည် ခရစ်နှစ်﴿၁၉၇၃﴾ခုနှစ်မှစ၍ ယခု﴿၂၀၁၈﴾ ခုနှစ်အထိ ﴿၄၅﴾နှစ်တိုင်တိုင်မပျက်မကွက်ဟဒီးစ် ပေါ်မောက္ခချုပ်အဖြစ် နှစ်စဉ်ဗိုခါရီကျမ်းကို သင်ကြားပြသပေးလျက်ရှိသည်။

ဆရာကြီး၏ရခဲလှသော သူမတူအောင် တစ်မူထူးခြားချက်တစ်ခုမှာ ကြိမ်ဖန်များစွာ ဟဂ်ျပြုခွင့်ရခဲ့ပြီး ကြိမ်ဖန်များစွာ မဒီနာမြေကို ဖူးမြော် ခွင့်ရရှိခဲ့သည်။ ဆရာကြီးသည် ဟဂ်ျ﴿၁၄﴾ကြိမ် အမွှရာဟ် ﴿၃﴾ပြုလုပ်ခွင့်ရရှိခဲ့ပါသည်။

ခရစ်နှစ်﴿၂၀၀၈﴾မှစ၍ ရှိုင်ခွလ်ဟဒီးစ် ဟဇရသ်အလ်ဟာဂ်ျမော်လာနာမွတ်ဖ်သီရှမ်စွတ်ဒိုဟာဆွာဟိဗ် ﴿မဇ္မာဟိရီ﴾ကို အိုလမာအစ္စလာမ် သာသနာ့ပညာရှင်များအဖွဲ့ချုပ်၏ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ဖြင့် မွတ်ဖ်သီ﴿မြန်မာနိုင်ငံလုံးဆိုင်ရာဓမ္မသတ်မှူးချုပ်﴾ အဖြစ် တင်မြှောက်ခဲ့သည်။

မာရှာအလ္လာဟ် ဆရာကြီးသည် ခရစ်နှစ်(၂၀၀၈)မှ ယခုအထိ အိုလမာ - အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ် (မြန်မာနိုင်ငံလုံးဆိုင်ရာဓမ္မသတ်မှူးချုပ်)အဖြစ် တာဝန်ထမ်းဆောင်ရင်း အစ္စလာမ့်ဓမ္မသတ်အဆုံးအဖြတ်များကို ပေးလျက် သက်တော်(၈၈)နှစ် ရောက်ရှိလာပြီဖြစ်သော ဆရာကြီးသည် မြန်မာမွတ်စ်လင်မ်များအား နှစ်ဘဝနှစ်ဌာနအောင်မြင်ရေးအတွက် သောကထားကား အထူးကြိုးပမ်းလျက်ရှိပါသည်။

ဆရာကြီး ပြုစုခဲ့သော စာအုပ်များ

❶ သလ်ခီစွလ်ဗိုခါရီကျမ်း၊

❷ ဖရွာအေလေဒရူးသ်ဒိုစလာမ်ကျမ်း၊

❸ ကန်ဇွလ်မဆာအိလ်ကျမ်း၊

❹ တရားတော်နှင့်အညီ သားသမီးပြုစုပျိုးထောင်နည်း၊

❺ ဇေယာရသုလ်ဟရ်မိုင်းန်ရ်ရှရီးဖိုင်းန်၊

❻ ဟဂျ်ကီဒိုအာအင်းန်၊

❼ ဟဒီးစ်တော်လေးဆယ်၊

❽ သအ်ရီခွလ်ဟရမိုင်းန်နေရှရီဖိုင်းန်(မက္ကာ၊ မဒီနာဟ်သမိုင်း)၊

❾ ခဆွာအလေနေဗဝီ၊

❿ ဟဂျ်(၅)ရက်တာကျင့်စဉ်ကျမ်း၊

❶❶ လ ပြဿနာလမ်းစဉ်မှန်ကျမ်း၊

❶❷ မဆွာအစ်ဗေဝက်သ် ခသ်မေဗိုခါရီရှရီးဖ်ကီ ရှရ်အီဟိုင်စီယဟ်ကျမ်း၊

❶❸ ဆွလာသုဝစလ္လာမ်ကျမ်း၊

❶❹ တမန်တော်မြတ်၏ဂုဏ်ထူးဝိသေသကျမ်း၊

❶❺ အိစ်သွေလာဟား(သ်)သေဟဒီးဆ် အောင်ရ်အွန်းကီသအ်ရီးဖားသ်ကျမ်း၊

❶❻ သအ်လီမွလ်အသွဖွားလ်ကျမ်း၊

❶❼ အင်နှ်သေဟားန်မေ ကာမေရာဘီးကေလီးအေးကျမ်း၊

စသည့် ကျမ်းစာအုပ်များစွာ ရေးသားပြုစုထုတ်ဝေခဲ့ပါသည်။

3 • အလ်ဟဂ်ျမုဟမ္မဒ် ယူနှတ်စ် မဇွာဟေရီ

ဆရာကြီး အလ်ဟဂ်ျမော်လာနာမုဟမ္မဒ် ယူနှတ်စ်မဇွာဟေရီကို မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်၊ ယင်းတော်ရွာကြီးတွင် ဟစ်ဂျရီ ၁၃၄၄ခု ရမသွာန်လမြတ် ၂၇ ရက်နေ့ ၁၉၂၅ခု၊ ဧပြီလ ၌ ဖွားမြင်ခဲ့သည်။ အဖဟာဂျီဦးသောမောင်၊ အမိဟာဂျီမဒေါ်ဘီဘီတို့၏ မွေးချင်းသုံးယောက်တွင် သားအလတ်ဖြစ်သည်။ ဆရာကြီးသည် အသက်ငယ်ရွယ်စဉ်အခါမှပင် အစ္စလာမ့်ဘာသာရေးဆိုင်ရာ ပညာရပ်များကို စတင်

သင်ယူခဲ့၏။ အသက် (၁၂)နှစ်အရွယ် (၁၉၃၇-၃၈) ခုနှစ်တွင် ယင်းတော်ရွာ ဆရာကြီးဦးဟာဒီထံတွင် မေဖ်တာဟွလ်ဂျန္နသ်ကျမ်းကို သင်ယူခဲ့သည်။

(၁၉၄၃) ခုနှစ်တွင် ယင်းတော်ရွာ မဒီနတွလ်အို့လူးမ်အရဗီ အထက်တန်းကျောင်းတွင် အရဗီစာပေကို စတင်သင်ယူသည်။ (၁၉၄၆) ခုနှစ်တွင် မရ်စ်ကာသ်ကျမ်း၊ တဖ်စီရ်ဂျလာလိုင်နှ်ကျမ်း၊ ဟေဒါယာကျမ်းများ ဖတ်ခဲ့ရသည်။ ယင်းတော်ကျောင်းတွင် ပညာသင်ကြားနေစဉ် အာဇာနည်ခေါင်းဆောင်ကြီး ဆရာကြီးဦးရာဇတ်ကိုယ်တိုင် ကြွရောက်ချီးမြှင့်သော ပညာထူးချွန်ဆု ချီးမြှင့်မှုအခမ်းအနားတွင် ပထမဆု ငွေတံဆိပ် ချီးမြှင့်ခံရသည်။ (၁၉၄၇-၄၈) ခုနှစ်များတွင် မန္တလေးမြို့ ချမ်းအေးသာဇံအလယ်ရပ်၊ အကွက်အမှတ် (၅၉၂)ရှိ မူလက စစ်တန်းသခင် ကြီးထူထောင်ခဲ့သော မဒ်ရစာမိုဟမ္မဒီယာ အရဗီသိပ္ပံကျောင်းတွင် မော်လဝီတန်းပြီးဆုံးသည်အထိ သင်ကြားခဲ့သည်။ ဟစ်ဂျရီ (၁၃၆၈) ခု၊ မိုဟရမ်လ (၁၉၄၈ ခု၊ နှစ်ကုန်ပိုင်း) မှစ၍ အိန္ဒိယနိုင်ငံ စဟာရန်ပူရ်မြို့ မဇာဟေရွလ်အို့လူမ်းအစ္စလာမ့်တက္ကသိုလ်သို့ တက်ရောက်၍ အထက်တန်း ပညာရပ်များ တိုးမြှင့်ဆည်းပူးသင်ကြားခဲ့သည်။ ထို့နောက် (၁၉၅၂) ခုနှစ်တွင် ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်၍ အဆင့်မြင့် ပညာရပ်များကို သင်ယူဆည်းပူးခဲ့သည်။ မက္ကာဟ်မြို့ ကအ်ဘာဝတ်ကျောင်းတော် ပရဝိဏ်အတွင်းတွင် ရှိုက်ခ်အဗ္ဒာစ်အာလဝီမာလေကီသ

ခင်ထံ၌လည်းကောင်း၊ မဒီနာမြို့တော်နဗဝီ ဗလီတော်အတွင်းတွင် ရှိုက်ခ်ဟဘီးဘ်အဟ်မဒ်ရှန်ကီတို့သခင်ထံ၌လည်းကောင်း အပတ်တကုတ် ကြိုးပမ်းအားထုတ်သင်ယူဆည်းပူးခဲ့သည်။

ဆရာကြီးသည် (၁၉၅၅) ခုနှစ်မှစ၍ အစ္စလာမ့်ပညာရေး ပို့ချဖြန့်ချီမှုလုပ်ငန်းတွင် နှစ်ပေါင်းများစွာ ဘဝနှစ်မြှုပ်နှံ၍ ဇွဲခတ်ကြိုးပမ်းခဲ့သည်။ ဆရာကြီးသည် မြန်မာစာပေဖြင့်လည်းကောင်း၊ အရဗီစာပေဖြင့်လည်းကောင်း၊ စာပေကျမ်းများ ရေးသားပြုစုခဲ့ရာ (၁)အလ်ဟို့စူနွလ်ဟဓီဒီယာကျမ်း၊ (၂) မေဖ်တာဟွလ်ဂျန္နသ်ကျမ်းများကို မြန်မာစာပေဖြင့်လည်းကောင်း၊ (၁) တဖ်စီရ်အာယာတွလ်ကုရ်အာန်ကျမ်း၊ (၂) အဝါအေလွလ်အရ်ဗအီးန်ကျမ်း၊ (၃)အအ်လာမွတ်မို့ဟတ်ဒေ့သီးန်ကျမ်း၊ (၄)အေမာမ်ဗိုခါရီအတ္ထုပ္ပတ္တိစာတမ်းများကို အရဗီစာပေဖြင့်လည်းကောင်း ရေးသားပြုခဲ့သည်။

ဆရာကြီးသည် (၂၀၁၁) ခုနှစ်၊ ဒီဇင်ဘာ (၆) ရက်၊ အာရ္ဗူရာနေ့တွင် အလ္လာဟ်မိန့်တော်ခံယူသွားပါသည်။

4 • ရှိုက်ခ်ခွလ်ဟဒီးစ် အလ်ဟဂျ်မော်လာနာ အဗ္ဒွလ်ဂနီ (ဒါဘေလီ)

ဆရာ့ကို အဖ ဦးဟာကင်မ် အမိဒေါ်ဇမျိတို့မှ (၁၉၃၁)ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့တွင် မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာ

တွင် ဖွားမြင်သည်။ ဆရာ့တွင် အစ်မတစ်ဦးနှင့် ညီမတစ်ဦးရှိသည်။ အစ်မမှာ ဒေါ်စလ်မာဘီဖြစ်ပြီး ညီမမှာ ဒေါ်ရဟီမာ ဖြစ်သည်။

ဆရာသည် (၁၉၄၃) ခုနှစ်တွင် အခြေခံပညာမူလတန်းကို အောင် မြင်သည်။ (၁၉၄၄) ခုနှစ်မှ (၁၉၄၉) ခုနှစ်အထိတွင် စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ် ဆားကုန်းကျေးရွာရှိ မဒ်ရစဟ်အရဗီယာဂျာမေ့အတွလ်အိုလမာ မြန်မာအရဗီသိပ္ပံကျောင်းကြီး၌ ဘာသာရေးအခြေခံနှင့် အလယ်တန်းအဆင့်ပညာများကို သင်ယူသည်။

(၁၉၅၀) ပြည့်နှစ်မှ (၁၉၅၄) ခုနှစ်အထိတွင် အိန္ဒိယနိုင်ငံ ဗူရတ်နယ်မြေရှိ မဒ်ရစာအရဗီယာ အစ္စလာမီယာ (ဒါဘေလ်)ကျောင်းကြီး၌ အထက်တန်းပညာရပ်များကို သင်ယူပေါက်မြောက်အောင်မြင်သည်။ မော်လဝီဘွဲ့စနဒ်ကို ရယူပြီး အမိနိုင်ငံသို့ ပြန်လာသည်။ (၁၉၅၅) ခုနှစ်မှ (၁၉၅၆) ခုနှစ်အထိတွင် အဆိုပါကျောင်းကြီး၌ပင် (ဒေါင်ရာတဖ်စီရ်) ဘွဲ့လွန်သင်တန်းနှင့် (အင်လ်မေ့တဂ်ဗီးဒ်) ကာရီသင်တန်းတို့ကို တက် ရောက်အောင်မြင်သည်။ ဒေါင်ရာတဖ်စီရ်ဘွဲ့နှင့် ကာရီဘွဲ့စနဒ်များကို ရယူပြီးနောက် မြန်မာနိုင်ငံသို့ ပြန်သည်။ (၁၉၆၁) ခုနှစ်မှ (၁၉၇၆) ခုနှစ်အထိ မန္တလေးမြို့ မြောက်ဆင်ကျုံး ဗလီကြီး၌ ရှေ့ဆောင်အီမာမ်အဖြစ် ဆောင်ရွက်သည်။ အစ္စလာမ်သာသနာနှင့် ခေတ်ကြီးငါးသွယ်ကျမ်းငယ်နှင့် တွအာမွလ်မွတ်စ်လေမီးန်ကျမ်းတို့ကို ရေးသားထုတ်ဝေသည်။ (၁၉၇၆) ခုနှစ်မှ (၁၉၇၇) ခုနှစ်ထိတွင် အမရပူရမြို့

နယ်၊ ဘုံးအိုးရွာရှိ မစ်ဖ်သာဟွလ်အိုလူးမ်အရဗီသိပ္ပံကျောင်းကြီး၌ အချိန်ပိုင်း အထက်တန်းပြဆရာအဖြစ် တာဝန်ယူသည်။ ထိုစဉ် (၁၉၇၂) ခုနှစ်မှ (၁၉၇၆)ခုနှစ်အထိ ကာလများတွင် မန္တလေးတိုင်း အိုလမာအစ္စလာမ် သာသနာ့ပညာရှင်များအဖွဲ့ခွဲတွင် တာဝန်ယူဆောင်ရွက်ပေးသည်။ (၁၉၈၁) ခုနှစ်မှ (၂၀၀၆) ခုနှစ်အတွင်း မန္တလေးမြို့၊ မောရဂိဝါရပ်ရှိ စကြာမြောက်ဗလီကြီး၌ ရှေ့ဆောင်အီမာမ်အဖြစ် တာဝန်ထမ်းသည်။ (၁၉၈၆) ခုနှစ် (၁၉၉၉) ခုနှစ်အထိတွင် မန္တလေးမြို့ မောရဂိဝါရပ်ရှိ မဒ်ရစဟ်အာရဗီယာကာစေမီယာ အရဗီအထက်တန်းကျောင်းကြီး၌ အထက်တန်းပြဆရာကြီးအဖြစ်လည်းကောင်း၊ ကျောင်းအုပ်ဆရာကြီး အဖြစ်လည်းကောင်း တာဝန်ယူသည်။

ဆရာကြီးသည် (၂၀၀၈) ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ဟစ်ဂျရီ (၁၄၂၉) ခုနှစ်၊ ရမ်သွာန်လ (၂၉) ရက်နေ့တွင် အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူသည်။

5

- **အလ်ဟာဂ်ျမော်လာနာ မုဟမ္မဒ် မူစာ (မဇ္ဈာဟေရီ)**

ဆရာ့ကို မန္တလေးမြို့၊ ရတနာဘုမ္မိအနောက်၊ အကွက်အမှတ် (၅၄၆)၊ ၃၅လမ်း၊ ၈၄-၈၅ ကြားနေအိမ်တွင် မြန်မာသက္ကရာဇ် (၁၂၉၄) ခုနှစ်၊ တော်သလင်းလဆန်း (၁၄)ရက်၊ (၁၉၃၂) ခုနှစ်၊ ဒီဇင်ဘာလ

(၃) ရက်နေ့တွင် ဖွားမြင်သည်။ မွေးချင်း ခုနှစ်ယောက်အနက် အငယ်ဆုံး ဖြစ်သည်။ ဖခင်မှာ ဒေယိုဘန်းဒ်ကျောင်းဆင်း မောင်လာနာ ဟာဖိဇ် မုဟမ္မဒ်ယူနွတ်စ် ဦးဘဒင် (သံလမ်းအဒါကြီး) ဖြစ်သည်။ ၈၄-၃၅ လမ်း (သံလမ်း)ထောင့်ဗလီ ရှေ့ဆောင်ဆရာဖြစ်သည်။ အလှူငွေ ကောက်ခံခြင်းမပြုဘဲ တစ်နိုင်အရဗီကျောင်းဖွင့်၍ သာသနာ့ပညာရှင် အာလင်မ် မြောက်များစွာကို မွေးထုတ်ခဲ့သူ ဖြစ်သည်။

ဆရာသည် အူရဒူ၊ ဖာရစီ၊ အရဗီ စာပေများကို မွေးသဖခင်ထံသင်ယူသည်။ အိန္ဒိယ ဆဟာရန်ပူးရ်မြို့ရှိ မဇ္ဈာဟေရွလ်အိုလူးမ် ကျောင်းကြီးသို့ မသွားမီ တစ်နှစ်အလိုတွင် မွဖ်တီအစ္စမာအီလ် ကာဆူဂျီးဆဗ်ထံတွင် တစ်နေ့တစ်နာရီခန့် ဆည်းပူးခဲ့သည်။ (၁၉၅၁) ခုနှစ်၊ ဒီဇင်ဘာ (၁၃) ရက်တွင် နိုင်ငံခြားပညာသင်ထွက်ခွာရန် ဖခင်နှင့်အတူ ရန်ကုန်မြို့သို့ ရောက်ရှိသည်။ ထို့နောက် ဖေဖဝါရီလ (၁၃) ရက်နေ့တွင် ဆဟာရန်ပူးရ်သို့ရောက်သည်။ ထိုစဉ်က ဒေယိုဘန်တွင် မြန်မာကျောင်းသားများမရှိသဖြင့် မဇ္ဈာဟေရွလ်အိုလူမ်မှပင် ကျောင်းအပ်လိုက်သည်။ ကျောင်းမှ ဇကာသ်အစားအသောက် မသုံးဆောင်ဘဲ ကိုယ့်စရိတ်နှင့်ကိုယ် အစအဆုံးနေ့ခဲ့သည်။

(၁၉၅၂) ခုနှစ်၊ ဖေဖော်ဝါရီ (၂၃) ရက်နေ့တွင် ကျောင်းစတက်ပြီး (၁၉၅၄) ခုနှစ် မေလ (၄) ရက်နေ့တွင် အမိမြေမန္တလေးမြို့သို့ရောက်ရှိသည်။ ဒေါင်ရာဟဒီးစ်ဖတ်ပြီးသည်ထိ ကျောင်းတက်ခဲ့ခြင်း

ဖြစ်သည်။ ဖခင်နှင့် အများ၏တိုက်တွန်းချက်အရ ဆက်လက်ဆည်းပူးရန် ဒုတိယအကြိမ်းကျောင်းတော်သို့သွားရောက်ပြီး ﴿၁၉၅၅﴾ ခုနှစ်၊ ဧ ပြီလ ﴿၂၀﴾ တွင် မန္တလေးမြို့သို့ပြန်လည်ရောက်ရှိခဲ့သည်။

ဆရာသည် **ဗဟိုစည်** သတင်းစာနှင့် **"ထူး"** စာစောင်တို့တွင် ဆောင်းပါးများ ရေးသားခဲ့သည်။ ရှုမဝနှင့် မြဝတီမဂ္ဂဇင်းတို့တွင်လည်း တစ်ခါတစ်ရံ ပါဝင်ရေးသားဖူးသည်။ ထို့နောက် ဘာသာရေးစာပေကို ဇောက်ချလုပ်ကိုင် လာသောအခါ လောကီစာပေ ရေးသားမှုကို စွန့်လွှတ်လိုက်သည်။ ထို့နောက် စာပေထုတ်ဝေသောလုပ်ငန်းကို စတင်ခဲ့သည်။ လစဉ်ထုတ် အစ္စလာမ့်ယဉ်ကျေးမှုစာစောင်ကို ﴿၃၃﴾ လ ထုတ်ဝေခဲ့သည်။ ၎င်းနောက် ဆရာသည် ဘာသာရေး လုံးချင်းကျမ်းပေါင်း ﴿၆၀﴾ ကျော်ရေးသားပြီး မြန်မာပြည်အနှံ့ဖြန့်ဝေပြီး ဖြစ်သည်။ ﴿၁၉၆၂﴾ ခုနှစ်တွင် ကိုယ်ပိုင်ပုံနှိပ်စက် တည်ထောင်နိုင်ခဲ့သည်။

﴿၁၉၆၅﴾ ခုနှစ် ပညာသင်ခရီးမှအပြန် တစ်နှစ်အကြာတွင် မန္တလေးမြို့၊ ၂၃ လမ်းရွှေကျေးမြင်ရပ်နေ ဦးတင်မြင့်၊ ဒေါ်အေးခင်တို့၏ သမီးဖရီဒဟ်ဘီခေါ် ဟာဂျီမသန်းသန်းနှင့် အိမ်ထောင်ပြုသည်။ သား (၄) ယောက်၊ သမီး(၁) ယောက် ထွန်းကားသည်။

ဆရာကြီးသည် ဖခင်ကွယ်လွန်ချိန်မှစ၍ ၈၄-၃၅ လမ်းထောင့် သံလမ်းလွှထောင် မြောက်ဗလီကြီးတွင် ရှေ့ဆောင်ဆရာအဖြစ် အခမဲ့

ဆောင်ရွက်ခဲ့သည်။ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်း နှစ်သုံးဆယ်ကျော် တာဝန်ပေးထားကြသည်။

ဆရာကြီးရေးသားထုတ်ဝေသော ထင်ရှားသည့် အချို့သော ကျမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

❶ ဟဂျ်လမ်းစဉ်၊

❷ နေကာဟ်ထိမ်းမြားမင်္ဂလာ၊

❸ တမန်တော်မြတ်၏ ထေရုပ္ပတ္တိ၊

❹ ခွတ်ဗဟ်နဗာတဟ် (ပထမ ၆ လ)၊

❺ ဘဟစ်ရှ်တီဇေဝရ် (ပထမပိုင်း)၊

❻ ဘဟစ်ရှ်တီဇေဝရ် (ဒုတိယပိုင်း)၊

❼ နမားဇ်အလင်းပြကျမ်း၊

❽ ဝဉ္ဇဉ်လောက၊

❾ ဟေ့ကာယာတေ့ဆွဟာဗဟ်၊

❿ ဖွသွာအေ့လေ့ဟဂျ်၊

❶❶ ဖွသွာအေ့လေ့ ဆွဒကာဟ် (ပ)၊

❶❷ ဖွသွာအေ့လေ့ ဆွဒကာဟ် (ဒု)၊

❶❸ စားပိုင် မစားပိုင်သတ္တဝါများ၊

❶❹ ဇကာသ် ဥပဒေများ၊

❶❺ ဖွေကာအတ်ကဗရ်၊

6

• ရှိုက်ခ်ခွလ်ဟဒီးစ်မော်လာနာ မုဟမ္မဒ် ဗရှီရွလ္လာဟ် ဦးဗရှင်

ဆရာကြီးကို ပဲခူးတိုင်း ရွှေကျင်မြို့၊ ကျွဲတဲကျေးလက် မွတ်စလင်မ်ကျေးရွာတွင် ဟစ်ဂျရီ (၁၃၃၁)၊ ရမ်ဇာန်လမြတ် (၁၃) ရက်၊ ခရစ်နှစ် (၁၉၁၃)၊ ဇူလိုင်လ (၂၁) ရက်နေ့၌ ဖွားမြင်သည်။ ငယ်မည် မုဟမ္မဒ်ဗရှီ ရွလ္လာဟ်ဖြစ်ပြီး တိုင်းရင်းအမည်မှာ ဦးဗရှင်ဖြစ်သည်။ မိဘများသည် ရွှေကျင်မြို့ မွတ်စ်လင်မ်ကျေးရွာ မဒ်ရဆာဟ်အစ္စလာမ်မီယဟ် ကျောင်းအုပ်မောင်လာနာရှူကုရွလ္လာဟ်ခေါ် ဦးရွှေကိုနှင့် ဗီလ်ကစ်ဘီဘီတို့ဖြစ်သည်။

ငယ်စဉ်က ဖခင်ကြီးထံ ပညာဆည်းပူးခဲ့သည်။ အသက် (၇) နှစ်အတွင်း အခြေခံဘာသာရေးပညာနှင့် မြန်မာစာအပြင် အရဗီ၊ အူရဒူ၊ ဖာရစီဘာသာများကို သင်ယူတတ်မြောက်ခဲ့သည်။ (၁၉၂၀) ပြည်နှစ်တွင် ရန်ကုန်မြို့၊ မဂိုလမ်း (ရွှေဘုံသာလမ်း) နှင့် ဖရေဇာလမ်း (အနော်ရထာလမ်း) ထောင့်ရှိ သအ်လီမု(ဒ်)ဒီးန်မုအလ္လီမိယဟ်ကျောင်း၌ ကျောင်းအိပ်ကျောင်းစားအဖြစ် ဖခင်ကြီးကအပ်နှံပေးသည်။ ထိုကျောင်းတွင် သင်ရိုးကိုစသင်ရာ အခြေခံသင်ရိုးအားလုံး အာဂုံဆောင်ထားနှင့်ပြီးဖြစ်ကြောင်းသိရ၍ ကျောင်းအုပ်ကြီးက အံ့သြသွားရသည်။ (၁၉၂၅) ခုနှစ်

﴿၁၂﴾ နှစ်သားအရွယ်ကပင် အလယ်တန်းအဆင့်ပညာကို သင်ကြားတတ်မြောက်ခဲ့သည်။

﴿၁၉၂၆﴾ ခု၊ မေလ ﴿၆﴾ ရက်တွင် ဘာသာရေး အဆင့်မြင့်ပညာသင်ကြားရန် အိန္ဒိယနိုင်ငံ ယူပီပြည်နယ် စဟာရန်ပူရ်မြို့ရှိ မဇ္ဈာဟိရီအုလုမ်ကျောင်းသို့ ရေကြောင်းခရီဖြင့် သွားရောက်ခဲ့သည်။ မဇ္ဈာဟိရွတ်အုလူမ်တွင် ﴿၈﴾ နှစ်ကြာ ပညာသင်ကြားခဲ့ပြီး ﴿၁၉၃၃﴾ ခုနှစ်၊ အသက် ﴿၂၀﴾ အရွယ်တွင် **“အာလင်မ်” ‘ဖွာဇ်လ်’** ဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့သည်။ ထိုစဉ် နိုင်ငံတကာမှ ကျောင်းသားအားလုံးတွင် ဒုတိယရရှိခဲ့သည်။ ဆရာကြီး၏ ပညာရည်မှတ်တမ်းကို မဇ္ဈာဟိရီအုလူမ် တက္ကသိုလ် ပညာရေးပြခန်း၌ ယခုတိုင် မှတ်တမ်းတင်ထားဆဲဖြစ်သည်။

﴿၁၉၃၄﴾ ခုနှစ်၊ ဇန်နဝါရီလတွင် ရန်ကုန်မြို့သို့ ပြန်ရောက်သည်။ ထို့နောက်မှ ဇာတိရပ်ရွာသို့ပြန်၍ စာပြဆရာဝင်လုပ်သည်။ ထို့နောက် ﴿၁၉၄၆﴾ ခု၊ ဒီဇင်ဘာလမှစ၍ တာမွေ ဂျမိအဟ် အရဗီယဟ် ဒါရွလ်အုလူမ် ကျောင်းအုပ်ကြီး တာဝန်ဝတ္တရားများကို ထမ်းဆောင်ခဲ့သည်။ စနစ်တကျစီမံဆောင်ရွက်မှုကြောင့် အခြေခံမှစ၍ ဒေါင်ရာအထိ ဘွဲ့ရစာမေးပွဲကို ကျောင်းတစ်ကျောင်းတည်း၌ သင်ကြားတတ်မြောက်ခြင်းသည် ဆရာကြီး လက်ထက်မှ ပထမဆုံးဖြစ်သည်။

(၁၉၅၈) ခု၊ ဇွန်လ (၂၀) ရက်တွင် ညီဖြစ်သူ အလ်ဟဂ်ျမောင်လာနာ မုဖ်သီဟာဖိဇ်မုဟမ္မဒ် နူရွလ္လာဟ်ဆွာဟစ်ဗ်ဆရာကြီးဦးနု(မဇ္ဈာဟိရီ)နှင့် အတူ ဟဂ်ျခရီစဉ်အတွက်ထွက်ခွာခဲ့သည်။

သင်ကြားပို့ချခြင်း၊ ရေးသားဖြန့်ဝေခြင်း၊ စာပေကျမ်းဂန်ပြုစုခြင်း၊ ဟောကြားဆွေးနွေးခြင်း၊ ဖေးမကူသခြင်း၊ ဖတ်ရှုတ်သရဇ္ဈာယ်ခြင်း၊ ဝတ်ပြုဆုတောင်းခြင်းဖြင့် မနားမနေ ကြိုးပမ်းဆောင်ရွက်သော ဆရာကြီးသည် တဖြည်းဖြည်း ကျန်းမာရေးချို့တဲ့လာသည်။ ဆရာကြီးသည် (၁၉၈၄) ခု၊ မတ်လ (၁) ရက် ကြာသာပတေးနေ့ နံနက် ၂ နာရီ မိနစ် ၅၀ တွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ခံယူခဲ့သည်။ ဂျနာဇာနမားဇ်ကို မုဖ်သီချုပ်က ဦးဆောင်ဖတ်ပေးပြီး ရဟ်မသ်မဂ်ဖေရတ်အတွက် ဆုမွန်တောင်းခဲ့ကြသည်။ ထိုစဉ် နွေခေါင်ခေါင်ဖြစ်ငြား ကောင်းကင်မှ မိုးသီးမိုးပေါက်တို့ ကျလျက်ရှိသည်။

7 • သံလမ်းအဒါကြီး မောင်လာနာ ယူနွတ်စ် ဦးဘဒင်

သံလမ်းအဒါကြီးဟု ကျော်ကြားသော ပုဂ္ဂိုလ်ထူးကြီးသည် မောင်လာနာ ဟာဖိဇ်မုဟမ္မဒ်ယူနွတ်စ် ဦးဘဒင်ဖြစ်သည်။ ဆရာကြီးကို အဖဆရာဆိုင် အမိဒေါ်ဇီယာတို့မှ ဘုံးအိုးရွာ အနောက်ရက္ကန်းတော်ရပ်

၌ (၁၂၄၀) ခု တပို့တွဲလပြည့်ကျော် (၄) ရက် တနင်္ဂနွေနေ့တွင် ဖွား မြင်သည်။

ဘာသာရေးအခြေခံကို မိတ္ထီလာမြို့စစ်တပ်စကားပြန် ကမ်းနား ဗလီရှေ့ဆောင်ဆရာနှင့် ၎င်း၏သားထံမှ သင်ယူသည်။ ထို့နောက် မန္တ လေးမြို့ မင်္ဂလာဗလီရှေ့ဆောင်ဆရာကြီး အဗ်ဒွလ်ဝါဟစ်ဒ်နှင့် စစ် တန်းသခင်ကြီး ဂိုလာမ်အလီရှားဟ်တို့ထံတွင် ပညာသင်ယူခဲ့သည်။ ဆ ရာကြီးဦးဘဒင်သည် မင်္ဂလာဗလီအသင်းဝင် တစ်ဦးဖြစ်ခဲ့ရာ ယင်းဗလီ ၌ပင် ဓမ္မကျမ်းဂန် ကျင့်ရန်ကြဉ်ရန်အတန်တန်ကို တက်ကျွမ်းပြီး မော် လဝီအဆင့်အတန်းသို့ ရောက်ခဲ့သည်။

မကြာမီပင် စစ်တန်းသခင်ကြီးဖွင့်လှစ်သည့် မုဟမ္မဒီယာအရဗီ ကျောင်းတွင် ဆရာကြီးဦးဘဒင်ကို လက်ထောက်နည်းပြအဖြစ် ခန့်အပ် သည်။ ထို့နောက်စစ်တန်းသခင်ကြီး၏ တာဝန်ပေးချက်အရ မင်္ဂလာဗ လီတွင် ရှေ့ဆောင်ဆရာအဖြစ်တာဝန်ယူခဲ့သည်။ မင်္ဂလာဗလီတွင် ရှေ့ ဆောင်ဆရာအဖြစ် တာဝန်ယူချိန်မှစ၍ ရှေးဟောင်းဓလေ့ထုံးတမ်းများ ကို စတင်တိုက်ဖျက်ရာ အမှုအခင်းဖြစ်ပွားပြီး နှစ်နှစ်ကြာမှ ပြီးခဲ့သည်။ အမှုပြီးသော် အိန္ဒိယနိုင်ငံ ဒေယိုဘန်တက္ကသိုလ်ကြီးတွင် ပညာဆက် လက်ဆည်းပူးခဲ့သည်။

အိန္ဒိယမှ ပြန်လာခါစတွင် အပ်ချုပ်အလယ်တွင် ရှေ့ဆောင် အ ဖြစ်ဆောင်ရွက်ခဲ့သည်။ ထို့နောက်သံလမ်းဟာဂျီ ဦးတုတ်က ဖိတ်ခေါ်မှု

ကြောင့် သံလမ်းထောင့်ဗလီသို့ ပြောင်းရွှေ့ခဲ့သည်။ ဟစနီ၊ စွန်နီ၊ ဟနဖီဆ ရာကြီးသည် ဗိဒ်အဒီများကို သူမတူအောင် ဝေဖန်ဆန့် ကျင်ခဲ့သူအဖြစ် ကျော်ကြားခဲ့သူဖြစ်သည်။ စာသင်ခြင်း၊ ဖတ်ဝါဓမ္မသတ် ပေးခြင်းများ နေ့စဉ်ပြုလုပ်ခဲ့သည်။ ဆရာကြီး ရေးသားပြုစုခဲ့သောစာ အုပ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

❶ ဖတ်ဝါယူနူစီယဟ်ကျမ်း၊

❷ မဇ္ဇာဟေရွှလ် ဟတ်က်အီမာန်ခန်း၊

❸ ဖွေကာအတ်က်ဘရ်ကျမ်း၊

❹ ရစူလ်ကိုယ်တော်မြတ် ဂိုင်းဗ်အကွယ်မသိခြင်းအကြောင်း၊

❺ တက်က်မီလွလ် အီမာန်ကျမ်း၊

ဆရာကြီးသည် ရမ်ဇာန်လ ﴿၂၉﴾ ရက် ﴿၁၉၈၂﴾ ခု ဇူလိုင်လ ﴿၂၁﴾ ရက် တွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခဲ့သည်။

8 • ဟဇရသ် အလ်ဟာဂ်ျ အလ္လာမဟ် မုဖ်သီ မုဟမ္မဒ် တွိင်ယိဗ် (ဇွမီရီ၊ ကာစီမီ)

ဆရာကြီးကို ရခိုင်ပြည်နယ် ဘူးသီတောင်မြို့နယ် လုံးပိုင်ကျေး ရွာတွင် ဖခင်ကြီး ရှိုင်းခ်အဗ်ဒုလ်ဟကီးမ်နှင့် မိခင်မွန်ကီ ဒေါ်အရဗ်ဂျ

မားလ်တို့မှ (၁၉၂၆) ခုနှစ်၊ ဇန်နဝါရီ (၃) ရက် အင်္ဂါနေ့တွင် ဖွားမြင်ခဲ့သည်။ မွေးချင်း (၇) ယောက်အနက် အငယ်ဆုံးဖြစ်သည်။

ဆရာကြီးသည် ဘာသာရေးအခြေခံပညာကို မိချောင်းစွေးကျေးရွာတွင် အူရ်ဒူကျောင်း(၄)တန်းအထိ တက်ရောက်သင်ယူခဲ့သည်။ ထို့နောက် အခြေခံဗဟုသုတကို ဘူးသီးတောင်မြို့ပေါ်ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် သင်ယူဆည်းပူးခဲ့သည်။

ဆရာကြီးသည် အခြေခံသာသနာ့ပညာကို မိမိ၏ မွေးရပ်ဌာနေဖြစ်သော ရခိုင်ပြည်နယ်တွင် သင်ယူဆည်းပူးပြီးသည်နောက် အဆင့်မြင့် ပညာရပ်များကို ဆက်လက်သင်ယူရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ထိုနေရာရှိ ဇွမီရီယာဟ် ကာစီမုလ်အူလူးမ် အစ္စလာမ်သာသနာ့ တက္ကသိုလ်တွင် တက်ရောက်သင်ယူဆည်းပူးခဲ့သည်။ ထို့နောက် ဆရာကြီးသည် မိမိဆရာသခင်ဖြစ်သည့် ဟဇရသ်မုဖ်သီ အဇီဇွလ်ဟက်၏ ညွှန်ကြားချက်ဖြင့် အိန္ဒိယနိုင်ငံရှိ ဒါရုလ်အူလူးမ် (ဒီယိုဗန်ဒ်) ကျောင်းတော်ကြီးတွင် သွားရောက်ပညာဆည်းပူးခဲ့သည်။ ဆရာကြီးသည် ဟဇရသ်မော်လာနာ ဟုစိုင်းအဟ်မဒ်မဒနီ၏ တပည့်လည်းဖြစ်သည်။

ဆရာကြီးသည် နိုင်ငံရပ်ခြားဌ ပညာသင်ယူဆည်းပူးပြီးနောက်တွင် မွေးရပ်မြေသို့ ပြန်လာ၍ သုံးလခန့်နေ့ထိုင်ခဲ့သည်။ ထို့နောက်တွင် ဇာတိမြေကို စွန့်ခွာ၍ မွန်ပြည်နယ် ကျိုက်မရောမြို့၊ ရေတွင်းကုန်း

ကျေးရွာတွင် ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ထိုမှတဆင့် ဆရာကြီးသည် မော်လမြိုင်မြို့၊ ကျွဲခြံကုန်းကျေးရွာတွင် သာသနာ့ကျောင်း တည်ထောင်ခဲ့သည်။ ယင်းကျောင်းတော်ကြီး၏ အမည်မှာ ဇွမီရီယာဟ် ကာစီမုလ်အုလူးမ် ဖြစ်သည်။ ဆရာကြီး၏ ကြိုးပမ်းမှုကြောင့် နှစ်အနည်းငယ်အတွင်း ဒေါင်ရာဟ်ဟဒီးစ်အတန်းကို ဖွင့်လှစ်နိုင်ခဲ့သည်။

ဆရာကြီး ရေးသားပြုစုခဲ့သော ကျမ်းဂန်ကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

❶ ရဟ်မသုလ်လိလ်အာလမီးန်၊

❷ ကုရ်အာန်နှင့် စွန္ဆသ်၊

❸ အမှန်နှင့်အမှားကို ခွဲခြားပြသော ယတိပြတ် ဆုံးဖြတ်ချက်၊

❹ စွန္ဆသ်တော် မွေးရန်၊

❺ အေမာမ်ကြီး(၄)ပါး၏ လမ်းညွှန်ချက်နှင့်အညီ စလဖီများကို ချေပခြင်း။

ဆရာကြီးသည် (၂၀၂၁) ခုနှစ်၊ မတ်လ (၄) ရက် ကြာသာပတေးနေ့ ညပိုင်းတွင် သက်တော်(၉၆)၌ အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူ ခွဲပါသည်။

မှီငြမ်းကိုးကားကျမ်းများ			
စဉ်	ကျမ်းအမည်	ကျမ်းရှင်အမည်	ပုံနှိပ်တိုက်
၁	مبادئ وأصول في علم حديث الرسول	الشيخ بلال عبد الحي الحسني الندوي	مكتبة الحرمين
၂	تيسير مصطلح الحديث	الدكتور محمود الطحان	مكتبة الحرمين
၃	စာပြုစာဆိုပုဂ္ဂိုလ် ကျော်များ (အကျဉ်း)	ပါမေက္ခဒေါက်တာ အောင်ဇော်	